မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၂)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှေးဟောင်းမပျက် အဓိကထားပြုပြင်ထိန်းသိမ်း မိမိတို့၏ ယုံကြည်ကိုးကွယ်ရာများဖြစ်သောကြောင့် ယုံကြည်ကိုးကွယ်ရာရှုထောင့်မှဖော်ဆောင်

ပြုပြင်ထိန်းသိမ်းရေးမူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းနှင့် ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် "ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် အနာဂတ်တွင် **Historical Park** (သို့မဟုတ်) **Archaeological Park** တည်ဆောက်ရေးအလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် အနာဂတ်တွင် **Historical Park** (သို့မဟုတ်) **Archaeological Park** တည်ဆောက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေရှည်တည်တံ့အောင်

ထိုသို့ ပြောကြားရာတွင် ပုဂံဒေသသည် မြန်မာ့ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များ ပေါများကြွယ်ဝသည့်အပြင် မိမိတို့၏ ဘာသာတရားအရ ယုံကြည်ကိုးကွယ်ရာဖြစ်သော ရှေးဟောင်းစေတီပုထိုး၊ ဘုရားကျောင်းကန်များ တစုတဝေးတည်း တည်ရှိရာဒေသဖြစ်ကြောင်း၊ မိမိတို့၏ အဓိကကျသော ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားရာ မြို့လည်းဖြစ်ကြောင်း၊ သို့ပါ၍ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ပြုပြင်တည်ဆောက်ထိန်းသိမ်းနိုင်ရန်အတွက် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲအနေဖြင့် ပုဂံဒေသရှေးဟောင်းအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရေးနှင့် နိုင်ငံ၏ Historical Park (သို့မဟုတ်) Archaeological Park အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားနိုင်ရေးအတွက် ဦးတည်ဆွေးနွေးညှိနှိုင်း နည်းလမ်းများရှာကြံကြရန် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မူဝါဒအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှု ***စာမျက်နှာ ၃ ကော်လံ ၁*** ❍

နွေစပါးအောင်မြင်ရေးအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေး

ပုလဲသွယ်စပ်မျိုးစပါး အထွက်နှုန်းအမြင့်မားဆုံးရရှိနိုင်ရေး နည်းပညာပေးကြီးကြပ်ကူညီ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ (၃၆၉)ဧက စိုက်ကွင်းသို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာနှင့် တာဝန်ရှိသူများအား နွေစပါးအောင်မြင်ရေးအတွက် အဓိကသော့ချက်မှာ စိုက်ပျိုးရေအလုံအလောက်ရရှိရေးဖြစ်သဖြင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် လယ်သမားများနှင့်ထိတွေ့ပြီး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအနေဖြင့်လည်း တောင်သူလယ်သမားများအပေါ် စေတနာအပြည့်အဝထားရှိပြီး ပုလဲသွယ်စပ်မျိုးစပါးကို အထွက်နှုန်းအမြင့်မားဆုံးရရှိနိုင်ရန်အတွက် အစ-အလယ်-အဆုံး စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ စဉ်ဆက်မပြတ်ကွင်းဆင်း နည်းပညာပေးကြီးကြပ်ကူညီဆောင်ရွက်ကြရန်တို့ကို မှာကြားကာ ထွန်တုံးပိတ်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ အဆင့်မြင့်လယ်ယာမြေ (၂၂၈)ဧကစိုက်ကွင်း၌ လက်စသတ်ဆောင်ရွက်နေသော မြေပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း၊ လယ်ကြားမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဗီယက်နမ်ပညာရှင်များနှင့် မြန်မာ့စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းဆောင်ရွက်နေသော ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါး ၁၁ မျိုး၏ မျိုးယှဉ်ပြိုင် သုတေသန ***စာမျက်နှာ ၃ ကော်လံ ၂*** ◆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ (၃၆၉)ဧက စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်)

တောင်တန်းများအလှ ထာဝစဉ်ထိန်းသိမ်း

မြန်မာနိုင်ငံ၏ ပထဝီအနေအထားကို လေ့လာကြည့်လျှင် အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသခေါ် ရှမ်းရိုးမတောင်တန်းကြီးရှိ၏။ အနောက်ဘက်တွင် ရခိုင်ရိုးမတောင်တန်းနှင့် ချင်းတောင်တန်းများရှိကြ၏။ အလယ်တွင် ပဲခူးရိုးမခေါ် အလယ်ရိုးမတောင်တန်းကြီးရှိ၏။ မြောက်ဘက်တွင်ကား ရေခဲဖုံးလွှမ်း တောင်တန်းများရှိ၏။ တောင်ဘက်တွင်မူ တနင်္သာရီကမ်းရိုးတန်းနှင့် တောင်ထွတ်တောင်စွယ်များဖြင့် သာယာလှပနေ၏။

ထိုတောင်တန်းများသည်ကား မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေကြကုန်သော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်နဒီတို့၏ မြစ်ဖျားခံစီးဆင်းကြရာ သဘာဝအရင်းအမြစ်များပင် ဖြစ်ကြ၏။ တောင်တန်းများရှိခြင်းကြောင့် မြစ်များအတွင်း မြစ်ရေတို့သည် စဉ်ဆက်မပြတ် စီးဆင်းကြ၏။ တောင်တန်းများရှိ စိမ့်စမ်းရေတံခွန်ငယ်များ ပေါင်းစုမိကြသောအခါ ချောင်းငယ်၊ မြောင်းငယ်များဖြစ်လာကြ၏။ ချောင်းငယ်များပေါင်းစုမိသောအခါ မြစ်များဖြစ်လာကြ၏။ ထို့ကြောင့် တောင်တန်းများသည် မြစ်တို့၏အလှကို ဖော်ဆောင်ပေးနေသည့် သဘာဝအရင်းအမြစ်များလည်း ဖြစ်ကြ၏။

တောင်တန်းများ၏အလှသည် မြစ်တို့၏အလှနှင့် ဒွန်တွဲလျက်ရှိ၏။ ယခုမူ ထိုတောင်တန်းများ၏အလှသည် ယိုယွင်းပျက်စီးလာကြ၏။ အကြောင်းမှာမူ တောင်တန်းဒေသများတွင် တောမီးများရှို့ခြင်း၊ တောင်ယာလုပ်ခြင်း၊ သစ်များအဆမတန်ခုတ်လှဲခြင်း၊ ဓာတ်သတ္တုများတူးခြင်း စသောအကြောင်းများကြောင့် ဖြစ်၏။

အထူးသဖြင့် ယခုလို နွေဦးဆန်းစ အခါသမယတွင် တောင်တန်းများ၌ တောမီးများမကြာခဏ လောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရ၏။ တောင်ယာလုပ်သူများသည် မိုးမကျမီတောင်တန်းများပေါ်တွင် တောမီးရှို့ကြ၏။ ထိုတောမီးလောင်ကျွမ်းသွားသည့်နေရာတွင် မိုးရွာသွန်းသည့်အခါ တောင်ယာစိုက်ပျိုးကြခြင်း ဖြစ်၏။ အချို့မှာမူ မီးသွေးဖုတ်၊ ထင်းခုတ်ကြ၏။ အလွယ်ရ၍ အလွယ်ခုတ်နေကြ၏။

တောင်ယာလုပ်ကိုင်မှုများ ချဲ့ထွင်လာခြင်း၊ မီးသွေးဖုတ်၊ ထင်းခုတ်မှုများ ပိုမိုများပြားလာသဖြင့် တောင်ကုန်းများမှာ သျှောင်မထုံးနိုင်ကြတော့ဘဲ ကတုံးအဖြစ်သာကျန်တော့၏။ တစ်ချိန်က စိမ်းပြာပြာ တောင်တန်းကြီးများသည် အညိုရောင်တောင်တန်းကြီးများအဖြစ် ပြောင်းလဲလာကြ၏။

ယခုအခါ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုများ တစ်နှစ်ထက်တစ်နှစ် ဆိုးရွားလာ၏။ ယင်းတို့တွင် သစ်တောများပြုန်းတီးခြင်းနှင့် တောမီးရှို့ခြင်းတို့သည် အဓိကအကြောင်းအရင်းများတွင် ပါဝင်၏။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်သဖြင့် တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း စသော သဘာဝဘေးအန္တရာယ်များ ကမ္ဘာနှင့်အဝန်း နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။

သို့ဖြစ်ရာ တောင်တန်းများ ထာဝစဉ်စိမ်းလန်းသာယာပြီး ဂေဟစနစ်မပျက်စီးစေရေးအတွက် တောင်ယာခုတ်ခြင်း၊ တောမီးများရှို့ခြင်း မပြုလုပ်ကြရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သန်လျင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သန်လျင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီက ကြီးမှူးကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က သန်လျင်မြို့ မြို့မဈေးကြီး၌ ကျင်းပသည်။

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မီးလောင်မှုဖြစ်ပွားပါက ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြကြသည်။ **(အောက်ပုံ)**

သန်လျင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီအနေဖြင့် မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စီမံချက်ချမှတ်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၄၉)**

ပြည်ထောင်စုနေ့ အခမ်းအနား မိုင်းတုံမြို့နယ်၌ ကျင်းပ

မိုင်းတုံ ဖေဖော်ဝါရီ ၁၈

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် မိုင်းတုံမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကြီးမှူး၍ နိုင်ငံတကာဘူမိသိပ္ပံပညာရှင်များနှင့် မြန်မာဘူမိသိပ္ပံပညာရှင်များ တက်ရောက်ကြမည့် ပထမအကြိမ် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲအဖြစ် First Myanmar International Geological Conference (Geo-Myanmar 2012) ကို မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲသည် နိုင်ငံတကာဆွေးနွေးပွဲဖြစ်ပြီး နိုင်ငံပေါင်း ၂၀ ခန့်မှ ပညာရှင် ၄၀ ခန့်သည် Geotechnical Engineering, Economic Geology, Mining Geology, Regional Geology စသည့် ဘာသာရပ်များနှင့် ပတ်သက်သည့် စာတမ်းပေါင်း ၅၀ ခန့် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ညီလာခံအပြီး မတ် ၃ ရက်မှ ၁၀ ရက်အတွင်း မြန်မာဘူမိသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာမှ ဘူမိသိပ္ပံပညာရှင်များပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလောနှင့် တောင်ကြီးဒေသပတ်ဝန်းကျင်ရှိ ဘူမိဗေဒ အနေအထားများနှင့် သတ္တုသိုက်ဖြစ်တည်မှုများကို လေ့လာရေးသွားရောက်ကြမည်ဖြစ်သည်။

Geo-Myanmar 2012-Conference အခမ်းအနားနှင့်အတူ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ အဋ္ဌမအကြိမ်နှစ်ပတ်လည် အစည်းအဝေးနှင့် တတိယအကြိမ် မြန်မာနိုင်ငံသက်ကြီးဘူမိသိပ္ပံပညာရှင်များကန်တော့ပွဲကို တစ်ဆက်တည်းကျင်းပမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံရှိ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဖုန်း- ၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅၊ ၅၁၉၆၇၆ လိုင်းခွဲ ၅၀၁ တို့သို့ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျာမနီနိုင်ငံ ဧည့်သည်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့အား ဂျာမနီနိုင်ငံ Hanns Seidel Foundation၏ ဟန္တိုင်းအခြေစိုက်ဒေသဆိုင်ရာကိုယ်စားလှယ်ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ Hannt Seidel Foundation တာဝန်ခံ Mr.Axel Neubert နှင့် အဖွဲ့ဝင် Ms. Susaane Haaster တို့သည် ဖေဖော်ဝါရီ ၉ ရက်နံနက်ပိုင်းက အသင်းချုပ်သို့ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် Corporate Social Repsponsibility (CSR) ကိစ္စများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များအား ပိုမိုသိရှိနိုင်ရေးအတွက် Hanns Seidel Foundation နှင့် UMFCCI အကြား အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအားစွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ဆွေးနွေးပွဲများနှင့် သင်တန်းများ ပူးပေါင်းကျင်းပနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌မကြာမြင့်မီကာလအတွင်း ပေါ်ထွန်းလာနိုင်သည့် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုရှိလာစေရေးအတွက် သင်တန်းဗဟိုဌာနများ ဖွင့်လှစ်၍ နည်းပညာသင်ကြားဖလှယ်မှုပြုနိုင်ရေးကိစ္စ၊ အခြေခံအလွှာမှ အလုပ်သမားများဘဝ မြှင့်တင်နိုင်ရေးအတွက် တန်ဖိုးမြှင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းကြီးများကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းပပျောက်ရေးဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မင်္ဂလာဒုံမြို့နယ်၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ **(ဝ၃၁)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ တောင်ငူမြို့နယ်၌ ကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၂၂)ရပ်ကွက် မင်းကြီးညိုရှိ အိုကေ စက်သုံးဆီဆိုင် မီးလောင်မှုတွင် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင် ၅၆ ဦးအား တောင်ငူမြို့နယ် မီးဘေးကြိုတင်ကာကွယ် တားဆီးရေး အထောက်အကူပြုအဖွဲ့မှ ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီက တောင်ငူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်၊ မီးဘေးကြိုတင်ကာကွယ် တားဆီးရေး အထောက်အကူပြုအဖွဲ့နာယက ဦးမြင့်ညို (အမေ့အိမ်)နှင့်အဖွဲ့ဥက္ကဋ္ဌဦးရဲဝင်း(ရွှေဝါ-ပဲဆီသန့်)တို့က ဂုဏ်ပြုစကားပြောကြားကြပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးထင်အောင် လင်းကကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေ၊ မီးသတ်ဝတ်စုံ၊ မီးကာဦးထုပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းစိန်၊ မီးဘေးတားဆီးရေးအဖွဲ့ နာယက ဦးကျော်လှ(သမာဓိ)၊ နာယက ဦးတင်ထွန်း (လက်ဖက်ခြောက်)၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)၊ အဖွဲ့ဝင် ဦးအောင်ရွှေ ဗိုလ်ကြီးသန်းထိုက်အေး (ငြိမ်း)၊ ဦးမြင့်သူ (နန်းသူဇာပဲလှော်)နှင့် ဦးတင်ရွှေတို့က ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၁၅)**

ဆုချီးမြှင့်

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တာမွေမြို့နယ် အမက(၁၁) ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆုရရှိသော မောင်ခန့်ဇေယျာလွင်အား ကျောင်းအကျိုးတော်ဆောင် ဒေါ်အုန်းခင် ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

❍ ရှေ့ဖုံးမှ

အမွေအနှစ်များကို ရှေးဟောင်းမပျက် အဓိကထား ပြုပြင်ထိန်းသိမ်းရန်နှင့် တစ်ဖက်မှလည်း မိမိတို့၏ ယုံကြည်ကိုးကွယ်ရာများဖြစ်သောကြောင့် ယုံကြည်ကိုးကွယ်ရာ ရှုထောင့်မှလည်း သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၆)ပိုင်း ထည့်သွင်းဆွေးနွေးအဖြေရှာသင့်သည်ဟု အကြံပြုလိုကြောင်း၊ အပိုင်း(၁)မှာ ပြုပြင်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ၎င်းအပိုင်းတွင် အုတ်၊ ကျောက်၊ သစ်သားတို့ဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအမွေအနှစ်များ၊ အင်္ဂတေပန်း၊ ရုပ်လုံးကြွ၊ ကျောက်စာ၊ စဉ့်ကွင်းများ၊ နံရံဆေးရေးပန်းချီ၊ မင်စာ၊ ဇာတာခွင်များကို ရေရှည်တည်တံ့အောင် Preservation Conservation Restoration Renovation မည်သို့ဆောင်ရွက်ကြမည်၊ ခေတ်မီနည်းများဖြင့် မည်သို့ပေါင်းစပ်ဆောင်ရွက်ကြမည်ဆိုသည်ကို ဆွေးနွေးအဖြေရှာကြရန် ဖြစ်ကြောင်း၊ အပိုင်း(၂)မှာ အသစ်တိုးမြှင့်တည်ဆောက်ခြင်းဖြစ်ပြီး ၎င်းတွင် ပုဂံရှေးဟောင်းဒေသကို နိုင်ငံတကာကဲ့သို့ Historical Park (သို့မဟုတ်) Archaeological Park အဖြစ် တည်ဆောက်နိုင်ရေးအတွက် ရှေးဟောင်းမှုများကိုမထိခိုက်စေဘဲ လမ်း၊ မြေယာရှုခင်း၊ လျှပ်စစ်မီး၊ သန့်စင်ခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အဆာပြေစားသောက်ဆိုင်များ၊ ယာဉ်ရပ်နားရန်နေရာများ စသည်တို့ကို မည်သို့တည်ဆောက်ကြမည်ကို ဆွေးနွေးလျာထားကြရန်ဖြစ်ကြောင်း၊ အပိုင်း(၃)မှာ မှတ်တမ်းများ ပြုစုထိန်းသိမ်းခြင်းဖြစ်ပြီး ၎င်းတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် Printed Media Digital Format, Video Format တို့ဖြင့် ပြုစုမှတ်တမ်းတင်ထားရန်နှင့် Internet Website တစ်ခု တည်ဆောက်လွှင့်တင်၍ ကမ္ဘာက ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အပိုင်း(၄)မှာသုတေသနပြုလုပ်ခြင်းဖြစ်ပြီး ၎င်းတွင် ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ရေး၊ ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ခြင်း၊ တိမ်မြုပ်နေသေးသော ရှေးဟောင်းအမွေအနှစ်များ လေ့လာသုတေသနပြုလုပ်ဖော်ထုတ်ခြင်းတို့ပါဝင်မည်ဖြစ်ကြောင်း၊အပိုင်း(၅)မှာ ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်း (World Heritage List) ဝင်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းကိစ္စဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးမူဝါဒနှင့်အညီသာ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊အပိုင်း (၆) မှာ ထိန်းသိမ်းခြင်းဖြစ်ပြီး ၎င်းလုပ်ငန်းမှာ အပိုင်း(၅)ပိုင်းဖြင့် ဆောင်ရွက်ထားမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အပိုင်းဖြစ်ပြီး ၎င်းတွင် အထွေထွေစီမံ ဆောင်ရွက်ခြင်း၊ယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မျှော်မှန်းထား

အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အားတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စေတနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့များ၊ ပြည်သူများနှင့် နိုင်ငံတကာတို့၏ အားများကို ရယူဆောင်ရွက်နိုင်ရန် နည်းလမ်း ရှာကြံကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် UNESCO အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပညာရှင်များ၊ ပြည်သူများ၊ မိမိတို့၏ ရှေးဟောင်းယဉ်ကျေးမှုပြုပြင်ထိန်းသိမ်းရေးမူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပညာရပ်နယ်ပယ်စုံမှ ပညာရှင်များပါဝင်သော အကြံပေးအဖွဲ့ ဖွဲ့စည်းပြီး အကြံဉာဏ်များ ရယူဆောင်ရွက်ရန်ပါ မျှော်မှန်းထားပါကြောင်း။

သို့ပါ၍ မိမိ၏ မျှော်မှန်းအကြံပြုချက်များအပေါ် အခြေခံ၍ ပညာရှင်များက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်း နည်းလမ်းများရှာကြံပေးကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးယိုယွင်းမှုအခြေအနေနှင့် လက်ရှိပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် ပင်မခန်းမဆောင်ကြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်းတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် ပညာရှင်များ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသကို Historical Park(သို့မဟုတ်)Archaeological Park တည်ဆောက်ရေးအတွက် အခြေခံစဉ်းစားရမည့်အချက်များ၊ လိုအပ်ချက်များ၊ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့်စည်းမျဉ်းစံနှုန်းများနှင့်ဆောင်ရွက်လျက်ရှိသော ထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ သီအိုရီများ၊ ပျူခေတ်နှင့် ပုဂံခေတ် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းအတွေ့အကြုံများ၊ ရှေးဟောင်းအဆောက်အအုံများ၊ မိုးရေကြောင့် ထိခိုက်ပျက်စီးမှုနှင့် ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများ၊ ပျူခေတ်ဘောဘောကြီး စေတီတော်၏ ဗိသုကာလက်ရာများအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွင် လက်တွေ့ဆောင်ရွက်မှုနှင့် ကြုံတွေ့ရသော အခက်အခဲပြဿနာများ၊ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းစီမံခန့်ခွဲမှု အစီအစဉ်နှင့် ပတ်သက်၍ ရွှေစည်းခုံစေတီနှင့် ပတ်ဝန်းကျင်အား အထူးပြုလေ့လာချက်များ၊ ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏အဆောက်အအုံတည်ဆောက်မှုဆိုင်ရာအမြင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၏ ဗိသုကာအမွေအနှစ်တို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့်အကြောင်းအရာတို့နှင့်စပ်လျဉ်း၍ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များ၊ အကြံပြုချက်များသုံးသပ်ဆွေးနွေးချက်များအရ Master Plan ရေးဆွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

စိုက်ခင်း၏အနံ့များ စတင်ထွက်ရှိနေမှုနှင့် စပ်မျိုးနေကြာစိုက်ခင်းတို့ကိုလည်းကောင်း၊ စိုက်ခင်းအနီးရှိ ဗီယက်နမ်မျိုးနဂါးမောက်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ စက်မှုလယ်ယာစနစ်အဆင့်မြင့်လယ်ယာမြေဧက (၁၀၀)စိုက်ကွင်း၌ ခင်းကျင်းပြသထားသော ကောက်စိုက်စက်များ၊ အဆင့်မြင့် ထွန်စက်ကြီးများနှင့် စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး မျိုးယှဉ်ပြိုင် စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးရွာအနီး စက်မှုလယ်ယာစနစ် ဧက (၁၀၀) စိုက်ကွင်း၌ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ခုနစ်ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး ပျိုးပင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ဦးဂမ္ဘီရသည် ပြစ်မှုဆိုင်ရာဥပဒေများကို ချိုးဖောက်ရုံသာမက နိုင်ငံတော်အဆင့်ရှိ သံဃာအဖွဲ့အစည်းကိုပါ ထိပါးစော်ကားမှုများကျူးလွန်ခဲ့

ဘာသာအကျိုး၊ သာသနာအကျိုးနှင့် သာသနာတော်သန့်ရှင်းရေးအလို့ငှာ ဓမ္မစက်ဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်တော့သည့်အတွက် အာဏာစက်ဖြင့် ဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဇန်နဝါရီ ၁၃ ရက်က အကျဉ်းထောင်မှ လွတ်မြောက်လာပြီး ယင်းနေ့တွင်ပင် သင်္ကန်းပြန်လည်ဝတ်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်မှုမရှိဘဲ ရဟန်းပြန်ဝတ်ခဲ့သည့် ဦးဂမ္ဘီရသည် နိုင်ငံတော်က တရားဥပဒေနှင့်အညီ ယခင်က ချိပ်ပိတ်ထားသော သဃ်န်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားတိုက်ရှိ သာသနာ့သိပ္ပံကျောင်းတိုက်နှင့် သာသနာ့ဂုဏ်ရည်ကျောင်းတိုက်တို့၏ သော့များအား ရိုက်ဖျက်ဖွင့်လှစ်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာက အမှုဖွင့်၍ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လက်မှတ်ရေးထိုး

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ရှေ့မှောက်၌ ဦးဂမ္ဘီရ ဝန်ခံကတိလက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒခံယူရန် ဦးဂမ္ဘီရအား (၃)ကြိမ်တိုင်ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၀ရက်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစည်းအဝေးခန်းမသို့ ခေါ်ယူခဲ့ရကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆရာတော်ကြီးများ၏ဩဝါဒခံယူရန် မိန့်ကြားခဲ့ကြောင်းနှင့် လမ်းညွှန်ဆုံးမဩဝါဒများအတိုင်း လိုက်နာသီတင်းသုံးနေထိုင်ရန်နှင့် ဝန်ခံကတိပြုချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သံဃာအဖွဲ့အစည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခံရမည်ဖြစ်သည်ကို ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဦးဂမ္ဘီရသည် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့သော်လည်း သံဃာထုတစ်ရပ်လုံး၏ကိုယ်စား အချက် (၁၀) ချက်ပါစာကို လျှောက်ထားခွင့်ပြုပါရန် ဆရာတော်ကြီးများအား တင်ပြခဲ့ကြောင်း၊ ဆရာတော်ကြီးများက ခွင့်ပြုခဲ့သည့်အတွက် လျှောက်ထားခဲ့ရာ ဦးဂမ္ဘီရက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၎င်းအားပေးပို့သော အကြောင်းကြားစာပါ "ခွင့်ပြုချက်မရှိဘဲ ပြစ်မှုကျူးလွန်နေသော" ဟူသည့် စကားရပ်ကို ကန့်ကွက်ကြောင်း၊ ရွှေညဝါဘုန်းကြီး ဦးပညာသီဟအား သာဓုဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ တစ်လအတွင်းထွက်ခွာရန် နှင်ထုတ်ခြင်းကို ကန့်ကွက်ကြောင်း၊ အကျဉ်းသား (၄၁၅)ဦးတွင် ပါဝင်သော ရဟန်း (၄၃) ပါးအား အကျဉ်းထောင်မှ လွတ်မြောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်ပေးခြင်း မရှိသဖြင့် အလေးအနက်ရှုတ်ချကြောင်း စသည်တို့ပါဝင်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝိနည်းတော်နှင့်အညီ သင်္ကန်းပြန်လည်ဝတ်ခွင့်ပြုရန် လျှောက်ထားလွှာတင်သွင်းရေး မိန့်ကြားခဲ့သော်လည်း ဦးဂမ္ဘီရက "၎င်းကိစ္စမှာ မိမိလို သံဃာတစ်ပါးအတွက် လိုအပ်မည်မထင်ကြောင်းနှင့် သင်္ကန်းဝတ်ခွင့်ပြုရန် လျှောက်ထားသွားမည်မဟုတ်ကြောင်း" ပြန်လည်ပြောကြားခဲ့သည်။

ဦးဂမ္ဘီရ၏ လျှောက်ထားချက်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ထိပါးစော်ကားမှုပြုပြီးဂုဏ်သိက္ခာကျဆင်းစေရန် အတင့်ရဲစွာ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဦးဂမ္ဘီရ၏ ဆောင်ရွက်မှုများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပညာဂုဏ်၊သီလဂုဏ်၊ သမာဓိဂုဏ်များကိုပါ ထိပါးစေရုံသာမက သံဃာထုအား ဝိနည်းစည်းမျဉ်း စည်းကမ်း၊ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရန်အခက်အခဲရှိလာစေမည်ဖြစ်သည်။ ထို့မျှမက သက်တော်၊ ဝါတော်၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့နှင့်ပြည့်စုံသော ဆရာတော်ကြီး (၄၇)ပါးဖြင့် စနစ်တကျဖွဲ့စည်းထားသော နိုင်ငံတော်အဆင့်ရှိ သံဃာ့အဖွဲ့အစည်းအား "ကန့်ကွက်ခြင်း၊ ရှုတ်ချခြင်း" ဆိုသည့် သုံးနှုန်းထိပါးစော်ကားမှုများကို လျစ်လျူရှုပါက မစင်ကြယ်သော ရဟန်းများ၊ ပုဂ္ဂိုလ်များအတွက် ပိုမိုအတင့်ရဲလာစေနိုင်သည့် အလားအလာရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့် စိတ်မချမ်းမသာဖြစ်ကြရပြီး ဓမ္မစက်ဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်တော့သည့်အတွက် အာဏာစက်ဖြင့်ဆောင်ရွက်ရမည်သာဖြစ်ကြောင်း သဘောထားဆန္ဒရှိတော်မူကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏ်သိက္ခာမြင့်မားပြီး ဘာသာအကျိုး၊ သာသနာအကျိုးနှင့် သာသနာတော်သန့်ရှင်းရေးကို ပိုမိုဆောင်ရွက်နိုင်စေရေးအတွက် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများကို အကြိမ်ကြိမ်ချိုးဖောက်ပြီး နိုင်ငံသူ၊ နိုင်ငံသားတိုင်းလိုက်နာရမည့် တရားဥပဒေကို အကြိမ်ကြိမ်ဖောက်ဖျက်ကျူးလွန်သည့်အပြင် ရဟန်းနှင့်မအပ်စပ်သည့်နိုင်ငံရေးမှိုင်းမိကာထင်ရာစိုင်းနေသော ဦးဂမ္ဘီရ(ခ) စန္ဒောဘာသ(ခ) ညီညီလွင် (၃၃) နှစ်အား ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုဆိုင်ရာဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးမြစ်ချင်းငါး ဝယ်လိုအားကောင်းသော်လည်း ဈေးကွက်ဝင်အရွယ်ငါးရှားပါး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မွေးမြူရေးငါးမြစ်ချင်းငါးများမှာ ယခုတလော ဈေးကွက်၌ အဝယ်လိုက်လျက်ရှိသော်လည်း ယခင်ဈေးကျစဉ်က ငါးသေးများပါမကျန် ထုတ်ရောင်းခဲ့သဖြင့် ငါးမွေးကန်များ၌ အရွယ်ရောက် ဈေးကွက်ဝင်ငါးများ ရှားပါးလျက်ရှိပြီး ပြည်ပပို့ကုန်လုပ်ငန်းရှင်များက မှာယူရာတွင် လိုသလောက်မရရှိကြောင်း သိရှိရသည်။ ပြည်တွင်းငါးဈေးကွက်၌ လက်လီဈေးနှင့် လက်ကားဈေးများ ကွာဟလျက်ရှိပြီး လက်ကားဈေးတွင် 4 UP (ခေါ်) လေးကီလိုဂရမ်အထက် (နှစ်ပိဿာခွဲခန့်)အရွယ်ရှိ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ဈေးရှိသော်လည်း လက်လီဈေးတွင် ငါးမြစ်ချင်းအသား(ခုတ်သား)တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ဈေးရှိကြောင်း သိရှိရသည်။

ငါးမြစ်ချင်းငါးကို ဈေးကွက်ဝင်အရွယ်ရောက်အောင် ၁၀ လ၊ ၁၁ လခန့် မွေးမြူရကြောင်း သိရသည်။ **(မောင်လှိုင်)**

● ကျောဖုံးမှ

အဲဒီကျရင်တော့ စံချိန်ငွေ ပြည့်မယ်ထင်တာပဲ" ဟု ယာဉ်နောက်လိုက်တစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

ပန်းဆိုးတန်းမှတ်တိုင်တွင် အဓိပတိအနီးပေါ်မှ ဆင်းလာသော အမျိုးသမီးတစ်ဦးအား စုံစမ်းကြည့်ရာ "အတော်အဆင်ပြေတာပဲ၊ အခုလို ရုံးအသွားမှာ တိုးတိုးခွေ့ခွေ့ မဟုတ်ဘဲ ထိုင်ခုံပြည့်ရုံတင်မောင်းလာတဲ့အတွက် ခရီးသည်အားလုံးကလည်း အကြိုက်တွေ့ကြပါတယ်" ဟု ပြောပြသည်။

ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ကာ ၁၇ ရက်အထိ စမ်းသပ်ကာလ လေးရက်သတ်မှတ်ပြေးဆွဲခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်ကို ကြားသိခဲ့ရသည်။ ။

တိုက်ကျွေး

ဖေဖော်ဝါရီ ၈ ရက်က တာမွေမြို့နယ် မအူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေ၊ ကိုယ်ဝန်ဆောင်အားတိုးဆေးနှင့် သန်ချဆေးတို့ကို တိုက်ကျွေးစဉ်။ (၀၄၄)

ဆုချီးမြှင့်

ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်း ကွံ့ကော်ကျောင်း၏ ၂၀၁၀-၂၀၁၁ ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မနှင်းလှိုင်လှိုင်ဝေအား ကျောင်းအကျိုးတော်ဆောင် ဦးရွှေအောင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပါကစ္စတန် ဂျက်တိုက်လေယာဉ်များလက်ချက် အကြမ်းဖက်သမား ကိုးဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်နှင့် ကပ်လျက်ရှိသည့် လူမျိုးစုများဒေသမှ အကြမ်းဖက်သမားရှိသည့်နေရာများကို ပါကစ္စတန်ဂျက်တိုက်လေယာဉ်များ **(အပေါ်ပုံ)**က ဗုံးကြဲတိုက်ခိုက်ကြောင်း ပါကစ္စတန်အစိုးရအရာရှိများက ပြောကြားသည်။ ကိုးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ထိုးစစ်ဆင်မှုအများအပြား

အထက်အိုရာဇိုင်းလူမျိုးစုဒေသ၏ ဝေးလံခေါင်သီသည့်ဒေသများနှင့် ဆိုက်ဖဲဒါရာခရိုင်၌ ပါကစ္စတန် ဂျက်တိုက်လေယာဉ်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗုံးကြဲခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့်အရာရှိများက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမျိုးစုများဒေသတွင်းရှိ အကြမ်းဖက်သမားများအား ပါကစ္စတန်စစ်တပ်က ထိုးစစ်ဆင်မှုအများအပြားပြုလုပ်ခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန် ဘိန်းဖြူထုတ်လုပ်မှု ပြီးခဲ့သည့်နှစ်က ၆၁ ရာခိုင်နှုန်းတိုး

ကဘူးလ် ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်စဉ်က မူးယစ်ဆေးဝါးထုတ်လုပ်မှု ပမာဏလျှော့ချရန် ဆန္ဒရှိကြောင်း အနောက်အုပ်စုက ကြေညာထားသည့်ကြားမှပင် အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း ဘိန်းဖြူထုတ်လုပ်မှု မှာ ၆၁ ရာခိုင်နှုန်း ပိုမိုမြင့်မားလာကြောင်း ကုလသမဂ္ဂ၏ နောက်ဆုံးထုတ် စာရင်းများ၌ ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်တောင်သူများ၏ ဘိန်းထုတ်လုပ်မှုမှာ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များအတွင်း ၁၈၅ တန်မှ တန်ချိန် ၅၈၀၀အထိ တိုးလာသည်။

ပြီးခဲ့သည့်နှစ်က ထုတ်လုပ်မှုမှာ ၆၁ ရာခိုင်နှုန်းအထိ ပိုမိုတိုးလာပြီး ဗြိတိန်၌ တွေ့ရှိသမျှ ဘိန်းဖြူ ၉၀ ရာခိုင်နှုန်းကျော်မှာ အာဖဂန်နစ္စတန်မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း တွေ့ရသည်ဟု ကုလသမဂ္ဂစာရင်းများတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

အမေရိကန်၌ လူမည်းအလုပ်လက်မဲ့ဦးရေ ကျဆင်းမှုမရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတစ်ဝန်း အလုပ်လက်မဲ့ဦးရေကျဆင်းကြောင်း အမေရိကန် အလုပ်သမားစာရင်းဝင် ဗျူရိုစာရင်းများက ညွှန်ပြနေသော်လည်း အမေရိကန်နိုင်ငံရှိ လူမည်း အလုပ်လက်မဲ့ကိစ္စမှာ ကျဆင်းမှုမရှိဘဲ ရှုပ်ထွေးသည့် ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အလုပ်လက်မဲ့နှုန်း မကြာသေးမီက ကျဆင်းခြင်းမှာ လူမည်းအသိုက်အဝန်းဝင်များအထိ အကျိုးသက်ရောက်မှုမရှိသေးကြောင်း အာဖရိကနွယ် အမေရိကန်စာရေးဆရာ အယ်ဂျီရွှန်ဩစတင်က သူ၏အစီရင်ခံစာ၌ မှတ်ချက်ပေးဖော်ပြလိုက်သည်။ **(အပေါ်ပုံ)**

အာဖရိကနွယ် အမေရိကန်နိုင်ငံသားများနှင့် လက်တင်အမေရိကန်များ၏ မြင့်မားသော အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၂ ခုနှစ်တွင် လျော့နည်းကျဆင်းမသွားသေးဟူသော ခေါင်းစဉ်ပါ ဩစတင်၏ အစီရင်ခံစာကို ဝါရှင်တန်ဒီစီအခြေစိုက် ပညာရှင် အဖွဲ့ဖြစ်သည့် စီးပွားရေးမူဝါဒသိပ္ပံက ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

လူလိုက်ပါသည့် တရုတ်အာကာသယာဉ် မကြာမီ လွှတ်တင်မည်

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံသည် လာမည့်ဇွန်နှင့် ဩဂုတ်လအကြားတွင် လူလိုက်ပါမည့် အာကာသယာဉ် ခရီးစဉ်တစ်ခုကို လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ ပြီးခဲ့သည့်နှစ်က သုတေသနပြု ထုတ်လုပ်ထားသော အာကာသယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ အာကာသယာဉ်ကို လွှတ်တင်နိုင်ပါက တရုတ်နိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်ကာ လေးကြိမ်မြောက် လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုဖြစ်လာမည်ဖြစ်သည်။ ၎င်းအာကာသယာဉ်ဖြင့် လိုက်ပါမည့် တရုတ်အာကာသယာဉ်မှူး ယန်လီဝေသည်လည်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ (၁၄)ကြိမ်မြောက် သွားရောက်နိုင်သည့် တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူး တစ်ဦးဖြစ်လာမည်ဖြစ်သည်။ ယန်လီဝေသည် အခြားနိုင်ငံများမှ လွှတ်တင်သည့် အာကာသခရီးစဉ်များတွင်လည်း လိုက်ပါခဲ့ဖူးသူဖြစ်သည်။

မကြာမီ လွှတ်တင်တော့မည့် အာကာသယာဉ်တွင် အာကာသယာဉ်မှူး ယန်လီဝေအပါအဝင် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားရန် စီစဉ်ထားသည်။ ယင်းအာကာသယာဉ်ကို တရုတ်နိုင်ငံလုပ် တီအန်ဂွန်-၁ ဒုံးပျံဖြင့် သယ်ဆောင်သွားမည်ဖြစ်ရာ ဒုံးပျံလွှတ်စင်၌ တပ်ဆင်ထားပြီးဖြစ်သည်။ **(အင်တာနက်)**

ဝါရှင်တန်ရှိ Capitol အဆောက်အအုံအနီး အကြမ်းဖက်သမားတစ်ဦး ဖမ်းဆီးမိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ Capitolအဆောက်အအုံအနီးတွင် ကျည်ကာ အင်္ကျီဝတ်ဆင်ထားသော သံသယဖြစ်ဖွယ် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားဟု ယူဆရသည့် မော်ရိုကိုနိုင်ငံသားတစ်ဦးအား ဖေဖော်ဝါရီ ၁၇ ရက်ကဖမ်းဆီးမိကြောင်း အမေရိကန်အရာရှိများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးလိုက်သည့် အသက် ၂၉နှစ်အရွယ် အမိန်းအီလ်ခါလီဖီ **(ဝဲပုံ)** အမည်ရှိ အမျိုးသားသည် အမေရိကန်ကွန်ဂရက်အဆောက်အအုံကို အသေခံဗုံးခွဲတိုက်ခိုက်ရန်အတွက် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားများအား အကူအညီပေးနေသူတစ်ဦးဖြစ်သည်ဟု အမေရိကန်အရာရှိများက ယုံကြည်လျက်ရှိသည်။

၎င်းအမျိုးသားသည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် တရားမဝင်နေထိုင်သူတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံအား အဖျက်စွမ်းအား ကြီးမားသော လက်နက်ကိုအသုံးပြုကာ အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသူတစ်ဦးလည်းဖြစ်သည်။ အဆိုပါ အမျိုးသားကို ကတ်ပီတယ်အဆောက်အအုံနှင့် မလှမ်းမကမ်းရှိ ကားဂိုဒေါင်တစ်ခုတွင် ကတ်ပီတယ်အဆောက်အအုံ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ဝင်များက ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာပေါ်၌ အသေးငယ်ဆုံး ပုတ်သင်ညိုမျိုးစိတ်တွေ့ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၈

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းနိုင်ငံ ကမ်းလွန်ကျွန်းငယ်လေးတစ်ကျွန်းပေါ်၌ အလွန်သေးငယ်သော ပုတ်သင်ညိုမျိုးစိတ်တစ်မျိုးကို ဂျာမန်သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ယာပုံ)**

အဆိုပါ ပုတ်သင်ညိုမျိုးစိတ်သည် နှာခေါင်းထိပ်မှ အမြီးဖျားအထိ လက်မဝက် (၁၆ မီလီမီတာ)ခန့်သာရှိရာ ကမ္ဘာပေါ်ရှိ ပုတ်သင်ညိုမျိုးစိတ်များတွင် အသေးငယ်ဆုံးဖြစ်ကြောင်း၊ မာဒါဂါစကာကျွန်းပေါ်၌ အလွန်သေးငယ်သည့် တွားသွားသတ္တဝါမျိုးစိတ်သစ်များကို ထပ်မံရှာဖွေနိုင်မည်ဟု ယုံကြည်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဖရန့်ဂလောကပြောကြားသည်။ ၎င်းပုတ်သင်ညိုကလေးများသည် နေ့ပိုင်းအချိန်များ၌ သွားလာလှုပ်ရှားကာ အစားအစာရှာဖွေစားသောက်တတ်ကြပြီး ညအချိန်တွင်မူ သစ်ပင်၊ သစ်ကိုင်းများပေါ်တက်ကာ အိပ်စက်လေ့ရှိကြသည်။ ညအချိန်တွင် ၎င်းတို့သည် လှုပ်ရှားသွားလာမှုမရှိကြကြောင်း ၎င်းကပြောကြားသည်။

ဖရန့်ဂလောနှင့်အဖွဲ့သည် မာဒါဂါစကာကျွန်းပေါ်တွင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အကြားကာလများက အသေးဆုံး တွားသွားသတ္တဝါမျိုးစိတ်သစ်သုံးမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြသူများဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၁၈-၂-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အမေရိကန်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်၌တိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုများဒေသ အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူခြောက်ဦးသေပြီး ခုနစ်ဦးဒဏ်ရာရရှိသွားသည်။ လူမျိုးစုများနေထိုင်ရာ မြောက်ဝါဇီရစ္စတန်ဒေသ ဟီရန်ရှားမြို့အနီး စပါလ်ဂါကျေးရွာမှ လူနေအိမ်တစ်လုံးကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဒုံးကျည်ဖြင့် နှစ်ချက်ပစ်ခတ်တိုက်ခိုက်သဖြင့် ယင်းသို့သေဆုံး၊ ဒဏ်ရာရကုန်ခြင်းဖြစ်သည်။ ပါကစ္စတန်လူမျိုးစုများဒေသကိုတိုက်ခိုက်ရန် အမေရိကန်က မောင်းသူမဲ့လေယာဉ်များ ဖြန့်ကြက်ထားခြင်းဖြစ်ပြီး ယင်းသို့လေကြောင်းမှ တိုက်ခိုက်သည့်အတွက်လည်း အမေရိကန်နှင့်ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခြင်းဖြစ်သည်။

ဘရာဇီးမြောက်ပိုင်းတွင်လေယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

ဘရာဇီးမြောက်ပိုင်း ပါရာပြည်နယ် ကာဗီတာမြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသူ လေးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်ဂျင်နှစ်လုံးတပ် အဆိုပါလေယာဉ်သည် နေ့ဂျက်လေကြောင်း ကုမ္ပဏီပိုင်လေယာဉ်ဖြစ်ပြီး ကာမီတာလေဆိပ်မှထွက်ခွာပြီး မကြာမီ ယင်းသို့ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် ကာမီတာဘဏ်အတွက် ငွေကြေးများ ပို့ဆောင်ပေးပြီးနောက် ပါရာပြည်နယ် ဘီလမ်မြို့သို့အပြန်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် လေယာဉ်မှူးနှင့် လေယာဉ်မှူး အကူတစ်ဦးအပါအဝင် အခြား လုံခြုံရေးအစောင့်နှစ်ဦးတို့ပါရှိပြီး ၎င်းတို့လေးဦးစလုံး ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ကပြောကြားသည်။ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး ဒေသလေကြောင်းအရာရှိများက ယင်းမတော်တဆဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးရန်အတွက် အဆိုပါလေယာဉ်တည်ဆောက်ရေးနှင့်ကြိုတင်ကာကွယ်ရေးဌာနသို့ သတင်းပို့ထားသည်ဟု ဆိုသည်။

ဖိလစ်ပိုင် ငလျင်ကြောင့် သေဆုံးသူ ၅၀ အထိ မြင့်တက်လာ

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း နီဂါရိုးစ်ပြည်နယ်တွင် မကြာမီရက်ပိုင်းက လှုပ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ခုနစ်ဦးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၇ ရက်တွင် သေဆုံးသူ ၅၀ အထိရှိလာပြီဟု ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံကွပ်ကဲရေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းအင်အားပြင်းငလျင်ကြောင့် စုစုပေါင်း လူ ၁၁၂ ဦးဒဏ်ရာရရှိခဲ့ပြီး ၆၆ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ၎င်းတို့အားလုံးသည် ဂူဟေလ်ဂန်မြို့ ပလာနတ်စ်ကျေးရွာနှင့်လာလီဘာတတ်မြို့ ဆိုလောင်ဂွန်ကျေးရွာများတွင် မြေပြိုမှုများကြောင့် ဖုံးလွှမ်းပျောက်ဆုံးနေသူများဖြစ်ကြောင်း၊ ယင်းပျောက်ဆုံးသူများ ကြားတွင် အသက်ရှင်ကျန်ရစ်သူများရှိနိုင်သေးသည်ဟု မျှော်လင့်ထားကြောင်း အဆိုပါဌာနမှ အရာရှိတစ်ဦးဖြစ်သည့် ရာမို့စ်က ပြောကြားသည်။

တရုတ်နှင့် ကနေဒါ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

တရုတ်အနောက်ပိုင်း အန်ဟွေးပြည်နယ်တွင် ကနေဒါနိုင်ငံ အနောက်ပိုင်း ပြည်နယ်သုံးခုရှိ နယ်မြေဒေသအချို့နှင့်စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများ အပါအဝင် တွင်းထွက်အရင်းအမြစ်များကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယင်းပြည်နယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ကနေဒါမှ ကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့သည် တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ သက်ဆိုင်ရာ အစိုးရဌာနများမှ ညွှန်ကြားရေးမှူးများနှင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အထူးဂရုပြု ဆွေးနွေးခဲ့ကြကြောင်း၊ ယင်းလုပ်ငန်း၏ အစီအစဉ်အသေးစိတ်များကိုလည်း ထုတ်ပြန်ပေးခဲ့ကြောင်း အဆိုပါဌာနရှိ အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ကျောက်ပန်းတောင်းမြို့နယ် ကံသာယာကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကျောက်ပန်းတောင်းမြို့နယ် ကံသာယာကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကံသာယာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ယာယီမဏ္ဍပ်၌ကျင်းပသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ညို၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညို၊ ကျောင်းအုပ်ဆရာမကြီးနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို အဆိုပါယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျောင်းဆောင်သစ်ကို စေတနာရှင်များက လှူဒါန်းကြသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း ကျောင်းဝန်းကျင်သာယာလှပစေရေးနှင့် ကျောင်းအဆောက်အအုံရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်၊ ကျောက်ပန်းတောင်းမြို့နယ် ဝန်းကျင်ဒေသများတွင် ကျန်းမာရေး၊ပညာရေး၊လူမှုရေးကဏ္ဍများဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းကြရန် စသည်ဖြင့်မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ပြည့်စုံရေးနှင့် သင်ကြားပြသပေးမည့် ဆရာ ဆရာမများ လုံလောက်မှုရှိရေးတို့ လိုအပ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ဆရာ ဆရာမများက ဝိုင်းဝန်းကြိုးပမ်းကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းက ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ မဂ္ဂဇင်းများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၀ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၁၆) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တတိယတန်း၌ ပညာရည်ချွန်ဆုရရှိသူ မရွှန်းလဲ့မေမောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

တရားမျှတရန်၊စည်းကမ်းရှိရန်၊ မသမာမှုကင်းရန်ဟူသော ရည်ရွယ်ချက်(၃)ရပ် ပြည့်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း၊ တရားမျှတပြီး စည်းကမ်းကျနကာ မသမာမှုကင်းသည့် စာမေးပွဲကြီးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ (National Character) ကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ၂၀၁၅ ခုနှစ်အတွက် တစ်နိုင်ငံလုံး၏ မျှော်မှန်းအခြေခံ စာတတ်မြောက်မှုနှုန်းဖြစ်သည့် ၉၅ ဒသမ ၅ ရာခိုင်နှုန်းကို ကျော်လွန်အကောင်အထည်ဖော်နိုင်ရန်ကိုလည်း ရည်မှန်းပြီး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်-ဒေါ်ခင်လေးရီ သားကြီး ဒေါက်တာဟိန်းသူ၊ သားငယ် ကိုစွမ်းလူ (နည်းပညာတက္ကသိုလ် YCC)၊ သမီးငယ် မဓီတာရွှေ (TTC ကမာရွတ်) နယူးရွှေစင်စိန်ရွှေရတနာဆိုင် မင်္ဂလာဒုံဈေးမိသားစုက ငွေကျပ် ၁၁သိန်းကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်ထွေ/အုပ် ရုံးခန်း၌လှူဒါန်းရာ မြို့နယ်သာသနာ့ဗိမာန်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၈:၀၀	၃။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၄၀	၄။	International News
၈:၄၅	၅။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၂၀	၂။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁:၃၀	၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ကျောင်ဌွန်း** (အပိုင်း-၅၁)
၁၂:၃၀	၄။	မြန်မာဗီဒီယိုဇာတ်လမ်း **ကြိုးလေးတစ်ချောင်း**
၁၄:၂၀	၅။	၂၀၁၂ခုနှစ်၊ ဆောင်းလကုန်ဏာနှင့်ဖေဖော်ဝါရီလ မိုးလေဝသအခြေအနေများ
၁၄:၄၀	၆။	International News

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၂၅	၂။	၂၀၁၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၀၀	၃။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၄။	ညနေခင်းသတင်း
၆:၃၀	၅။	တစ်မျက်နှာ၊ တစ်ကွက်စာ **အလှမက်သူ** စွမ်းရည်၊ ခိုင်ပွင့် [ဒါရိုက်တာ-မေတင် (MMG)]
၆:၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချို ကြင်နာပို** (အပိုင်း-၁၅)
၈:၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၉၃)
	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၁၆)

❖ *ကျောဖုံးမှ*

ဟောလိဝုဒ်မှာ နာမည်ကျော်ကြားမှုအရှိဆုံး လူငယ်အမျိုးသမီးသရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ မီလီဆိုင်းရပ်စ်ဟာ ၂၀၁၁ ခုနှစ်အတွင်း ရုပ်ရှင်မင်းသမီးအကြီးတန်းမှာ ရုပ်ရှင်အနုပညာလုပ်ငန်းတွေက ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၄ သန်း အထိရရှိခဲ့တယ်လို့ ဆိုပါတယ်။ မီလီဆိုင်းရပ်စ်ဟာ သရုပ်ဆောင်၊ စာရေးဆရာ၊ စီးပွားရေးလုပ်ငန်းရှင်၊ ဖက်ရှင်ဒီဇိုင်းနာ၊ အဆိုတော်၊ သီချင်းရေးဆရာ၊ တေးဂီတ တီးခတ်သူနဲ့ အကပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။ ဂီတာနဲ့စန္ဒရားတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်ဖျော်ဖြေနိုင်သူဖြစ်တာမို့ မီလီဆိုင်းရပ်စ်ဟာ အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ စွယ်စုံအနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ မီလီဆိုင်းရပ်စ်ဟာ အဲဒီ အနုပညာလုပ်ငန်းတွေက ဝင်ငွေအရပ်ရပ်ပေါင်းဟာ အမေရိကန်ဒေါ်လာ ၅၄သန်းရရှိခဲ့တာဖြစ်ပြီး ၂၀၁၁ ခုနှစ်အတွက် ဟောလိဝုဒ်ရဲ့အမျိုးသမီးသရုပ်ဆောင်တွေမှာ ၁၀ဦးမြောက် အချမ်းသာဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးအဖြစ် သတ်မှတ်ခံရသူဖြစ်ပြီး အသားတင်ငွေကြေးပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာသန်း ၁၂၀ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်အတွင်းမှာ ဟောလိဝုဒ်ရဲ့ တက်သစ်စ အမျိုးသမီး သရုပ်ဆောင်အတန်းမှာ ဝင်ငွေအကောင်းဆုံးကတော့ ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်းဖြစ်ပါတယ်။ အသက် ၁၈နှစ်အရွယ်သာရှိသေးတဲ့ ဒါကိုတာဖန်နင်းဟာ ၂၀၁၁ခုနှစ်အတွင်းမှာ သရုပ်ဆောင်ခငွေကြေးအများဆုံး ရရှိခဲ့သူ ဖြစ်ပါတယ်။ အဲဒီငွေကြေးဟာ သရုပ်ဆောင်ခနဲ့ ကြော်ငြာကုမ္ပဏီတွေက ရရှိတဲ့ ငွေကြေးတွေပဲ ဖြစ်ပါတယ်။ ရုပ်ရှင်လောကကိုဝင်ရောက်ခဲ့တာ မကြာသေးပေမယ့် အချိန်တိုတိုအတွင်းမှာ အောင်မြင်ကျော်ကြားလာတဲ့ ဆယ်ကျော်သက် အနုပညာရှင် တစ်ဦးလည်းဖြစ်ပါတယ်။ ဒါကိုတာဖန်နင်းရဲ့ ဖခင်ဟာ ဘေ့စ်ဘောကစားသမား တစ်ဦးဖြစ်ပြီး မိခင်က တင်းနစ်အားကစားမယ် တစ်ဦးဖြစ်သလို အဘိုးဖြစ်သူက အမေရိကန်ဘောလုံးသမားဟောင်းတစ်ဦး ဖြစ်ပါတယ်။ အားကစားသမားမျိုးရိုးက ဆင်းသက်လာပေမယ့် ရုပ်ရှင်မင်းသမီး ဖြစ်လာတဲ့ ဒါကိုတာဖန်နင်းဟာ မကြာမီက အော်ဘာရင့်ကုမ္ပဏီနဲ့ ဇာတ်ကားတွေ ၁၀ နှစ်တာကာလ ရိုက်ကူးဖို့ စာချုပ်လိုက်ပြီ ဖြစ်ပါတယ်။

(အင်တာနက်)

ဖောက်ကလန်ကျွန်း၏ အနာဂတ်အရေး

တိုး-ရေးသားသည်

မာလ်ဗီနပ်စ်ခေါ် ဖောက်ကလန်ကျွန်းစုစစ်ပွဲ နှစ်(၃၀)မြောက် နှစ်ပတ်လည်နေ့ နီးကပ်လာသည်နှင့် တစ်ပြိုင်နက် မကြာမီလများကတည်းက ထိုကျွန်းစုကို သူပိုင်ကိုယ်ပိုင် အငြင်းပွားကာ ဗြိတိန်နှင့်အာဂျင်တီးနား နှစ်နိုင်ငံဆက်ဆံရေးမှာ ပို၍ပို၍ တင်းမာလာခဲ့သည်။

ဖောက်ကလန်ကျွန်းစု အချုပ်အခြာအာဏာပိုင်မှုဆိုင်ရာ အငြင်းပွားမှုကြောင့် သင်္ဘောကျင်းလုပ်သားများ ပါဝင်သည့် အာဂျင်တီးနားသယ်ယူပို့ဆောင်ရေး အလုပ်သမားသမဂ္ဂက ဗြိတိန်အလံလွှင့်သင်္ဘောများကို သပိတ်မှောက်မည်ဖြစ်ကြောင်း လောလောဆယ်ထုတ်ပြန်ကြေညာလိုက်သည်။

၎င်းအလုပ်သမားသမဂ္ဂသပိတ်က မည်မျှထိရောက်မည်ကိုမူ အသေအချာ မသိနိုင်ပေ။ ပြီးခဲ့သည့် ဒီဇင်ဘာလကလည်း တောင်အမေရိကနိုင်ငံများ ကုန်သွယ်ရေးအုပ်စုဖြစ်သည့် မာကိုဆာက ဖောက်ကလန်ကျွန်းစုသို့ ဗြိတိန်အလံလွှင့်သည့် သင်္ဘောများအား ဆိပ်ကမ်းကပ်ခွင့်မပြုကြောင်းသိရသည်။

နှစ်ဖက်အငြင်းပွားသံများ ပိုမိုကျယ်လောင်လာသည်။ အထူးသဖြင့် အာဂျင်တီးနာသမ္မတ ခရစ္စတီးနားဖာနန်ဒက်ဒီကပ်ရှနာနှင့်ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်းမရွန်းတို့၏ စကားစစ်ထိုးပွဲ ပိုမိုပြင်းထန်လာသည်။ ထိုအတောအတွင်း ဗြိတိသျှတော်ဝင်မိသားစုဝင် ဗြိတိန်လေတပ်မတော် လေယာဉ်မှူးတစ်ဦးဖြစ်သည့် မင်းသားဝီလျံ ရက်သတ္တခြောက်ပတ် ကြာနေထိုင်ရန် မာလ်ဗီနပ်ကျွန်းစုသို့ရောက်လာသည့်အခါ စကားစစ်ထိုးပွဲမှာ အရှိန်ရလာသည်။

၁၉၈၂ ခုနှစ် စစ်ပွဲ၏ နှစ်(၃၀)မြောက် နှစ်ပတ်လည်နေ့ နီးလာစဉ် မင်းသားဝီလျံ အောင်နိုင်သူ စစ်ဝတ်စုံဖြင့် ရောက်လာခြင်းအတွက် အာဂျင်တီးနားပြည်သူများက မခံမရပ်နိုင်ကာ ကန့်ကွက်ဆန္ဒပြကြသည်။

၁၉၈၂ ခုနှစ် ဧပြီ ၂ ရက်တွင် စတင်သည့် ဖောက်ကလန်ကျွန်းစုစစ်ပွဲမှာ ၇၄ ရက် ကြာပြီးနောက် ဗြိတိန်တို့က အောင်ပွဲခံကာ ပြီးဆုံးသွားသည်။ အာဂျင်တီးနားတပ်ဖွဲ့ဝင် ၆၄၉ ဦး၊ ဗြိတိန်တပ်ဖွဲ့ဝင် ၂၅၅ ဦးနှင့် တိုက်ပွဲကြားရောက်နေသည့် အရပ်သားသုံးဦး စစ်ပွဲအတွင်းသေဆုံးခဲ့သည်။

ယခုအခါ ဖောက်ကလန်ကျွန်းစုသို့ ဗြိတိန်နိုင်ငံက လေကြောင်းကာကွယ်ရေး အင်အားအကြီးဆုံး အိတ်ချ်အမ်အက်စ်-ဒေါ့တလက်စ် ဖျက်သင်္ဘောကြီးကို စေလွှတ်ထားရာ မတ်လတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် နျူကလီးယား ရေငုပ်သင်္ဘောလည်း စေလွှတ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖောက်ကလန်အငြင်းပွားမှုကို အာဂျင်တီးနားနိုင်ငံက ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းကာ ဗြိတိန်သည် ယင်းဒေသ၌ တပ်များချထားပြီး စစ်ရေးထူထောင်ကာ နိုင်ငံငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေကြောင်း စွပ်စွဲလိုက်သည်။ ဗြိတိန်ကမူ ယင်းစွပ်စွဲချက်မှာ အဓိပ္ပာယ်မရှိကြောင်း၊ ဖောက်ကလန်ကျွန်းစုနှင့်ပတ်သက်၍ ဗြိတိန်၏ စစ်ရေးသဘောထား ယခင်ကအတိုင်း အပြောင်းအလဲမရှိဟု ခုခံပြောဆိုသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နှစ်နိုင်ငံတင်းမာမှုပိုမိုဆိုးရွားမသွားအောင် ထိန်းသိမ်းကြရန် မေတ္တာရပ်ခံလိုက်သည်။ သဘောထားကွဲမှုများကို ငြိမ်းချမ်းစွာ စေ့စပ်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ အနေဖြင့်လည်း နှစ်နိုင်ငံစေ့စပ်ဆွေးနွေးဖြေရှင်းရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်များကို ချမှတ်ထားပြီးဖြစ်သည်။

အော်စကာဆုရှင် ဟောလိဝုဒ်သရုပ်ဆောင် ရှောင်ပင်းကလည်း ဗျူနိုအေရိစ်၌ အာဂျင်တီးနားသမ္မတနှင့် တွေ့ဆုံအပြီးတွင် ယခုအခါ ဗြိတိန်အနေဖြင့် စေ့စပ်ရေးစားပွဲသို့ထိုင်ပြီး စေ့စပ်ဖြေရှင်းရန် တိုက်တွန်းလိုက်သည်။

မာလ်ဗီနပ်စ်ကျွန်းစုကို ဗြိတိန်တပ်များက ၁၈၃၃ ခုနှစ် ဇန်နဝါရီလတွင် သိမ်းပိုက်ပြီး အာဂျင်တီးနား အာဏာပိုင်များနှင့် ကျွန်းသူကျွန်းသားများကိုနှင်ထုတ်ကာ ကိုလိုနီ လက်အောက်ခံပြုခဲ့ရာ ယခုအခါ ၁၇၉ နှစ်ခန့် ကြာပြီဖြစ်သည်။

ကုလသမဂ္ဂ ကိုလိုနီဖျက်သိမ်းရေး အထူးကော်မတီစာရင်းအရ ကမ္ဘာပေါ်တွင် ကိုလိုနီလက်အောက်ခံဒေသ ၁၆ခု ရှိသည်။ ယင်းတို့အနက် ၁၀ခုမှာ ဗြိတိန်လက်အောက်၌ ရှိနေဆဲဖြစ်သည်။ ဒေသတစ်ခုမှာ ယခုအငြင်းပွားနေသည့် မာလ်ဗီနပ်စ်ခေါ် ဖောက်ကလန် ကျွန်းစုဖြစ်သည်။

မည်သို့ပင် စစ်အင်အားတွေပြနေစေကာမူ ဖောက်ကလန်ကျွန်း၏ အနာဂတ်အရေးမှာ နှစ်ဦးနှစ်ဖက် စေ့စပ်ဖြေရှင်းရမည့်ကိစ္စသာ ဖြစ်ပါကြောင်း။ ။

ခြင်ဆေးမီးပွား သတိမထားက စီးပွားဥစ္စာကုန်လိမ့်မည်

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ၂၀၁၁ခုနှစ် ဇွန် ၁၅ရက်မှစ၍ ပြောင်းရွှေ့လာသူများအား ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများ၊ ပြောင်းရွှေ့သူအင်အား များလာသည့်အတွက် ပြည်ထောင်စုအစိုးရနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေမှုများ၊ ပြောင်းရွှေ့လာသည့်တိုင်းရင်းသားမိသားစုများ၏ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုမပျက်စေရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ပြောင်းရွှေ့လာသူများ၏ စခန်းများ၌ လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဦးဘုန်းဆွေတို့က နိုင်ငံတော်အကြီးအကဲများအနေဖြင့် တိုင်းရင်းသားမိသားစုများ၏ ဆန္ဒသဘောထားများအတိုင်း ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်၍ စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ရန် မိမိတို့လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ တိုင်းရင်းသားမိသားစုများအပေါ် စောင့်ရှောက်ပေးနေမှုများကို ပကတိအခြေအနေအတိုင်း ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး ပြန်လည်အခြေချ နေထိုင်နိုင်ရေး စီမံချက်ကို အသေးစိတ် ညှိနှိုင်းရေးဆွဲနိုင်ရန်နှင့် လက်တွေ့ကျကျ ထိရောက်သည့် အကူအညီများပေးနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖွဲ့စည်း ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စာရင်းဇယားများကို ကြိုတင်ကောက်ယူဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်က ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများအား ကူညီပံ့ပိုးပေးနေမှုနှင့် ပြည်နယ်ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာက ရွှေ့ပြောင်းစခန်းများသို့ ရောက်ရှိလာကြသူများအား စနစ်တကျစာရင်းပြုစု၍ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့သာမက ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများအား ဂရုတစိုက် ပြုစုစောင့်ရှောက်ထားမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းက လုံခြုံရေးပြန်လည်ကောင်းမွန်လာသည့် ဒေသများသို့ ပြန်လည်နေထိုင်လိုကြသူများနှင့် သင့်လျော်သောဒေသများတွင် အခြေချနေထိုင်လိုကြသူများအား မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင်ကူညီပေးရေး၊ ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကို အချိန်တိုအတွင်း ထိရောက်စွာ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် NGO အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ တိုင်းရင်းသား မိသားစုများ၏ ဘဝလုံခြုံငြိမ်းချမ်း သာယာမှုမျှော်လင့်ချက်များကို ညီညီညွတ်ညွတ် တာဝန်ယူ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရွှေ့ပြောင်းတိုင်းရင်းသားမိသားစုများ၏ ကျောင်းသား ကျောင်းသူများအား အခက်အခဲမရှိ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက မိဘသဖွယ်ပံ့ပိုးကူညီဆောင်ရွက်သင့်ပုံများကို ဆွေးနွေးပြောကြားသည်။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မန်စီနှင့် ရွှေကူမြို့နယ်များရှိ လုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စုများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၃ရက်အထိ အိမ်ထောင်စု ၁၅၄၃၀ ကို ဆန်တန်ချိန် (၇၈၀ ဒသမ ၄၀၀၉) တန်၊ ဆီတန်ချိန် (၄၉ ဒသမ ၈၃၁၆) တန်၊ ပဲတန်ချိန် (၉၈ ဒသမ ၆၄၇) တန်၊ ဆားတန်ချိန် (၈ ဒသမ ၁၃၈၂) တန်နှင့် အာဟာရအမှုန့်များကို လည်းကောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်ပြည်သူများက ဖေဖော်ဝါရီ ၁၃ ရက်အထိ ဆန်အိတ်ပေါင်း (၁၀၇၅၇ ဒသမ ၉၃) အိတ်၊ ဆီပိဿာပေါင်း (၁၂၂၆၇ ဒသမ ၈၉) ပိဿာ၊ ဆားပိဿာပေါင်း (၄၂၆၄) ပိဿာ၊ အဝတ်အထည်မျိုးစုံ (၃၅၀၀)နှင့် ငွေသားကျပ် (၂၇၁၅၇၀၈၆၀) တို့ကို လည်းကောင်း ကူညီပံ့ပိုးပေးထားကြောင်း သိရှိရသည်။

ထို့အပြင် ကချင်ပြည်နယ်အစိုးရအနေဖြင့် နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသော အိမ်ထောင်စုများမှ အခြေခံပညာနှင့် အဆင့်မြင့်ပညာများတွင် ပညာသင်ကြားဆဲကျောင်းသားကျောင်းသူ ၄၀၁၉ ဦးအား သက်ဆိုင်ရာနယ်မြေများရှိ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းပေါင်း ၁၂၈ ကျောင်း၌ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်တာဝန်ရှိသူများ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ(မာဃဝီ-သာစည်) ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စာကြည့်တိုက်မှူး သာသနာရေးဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနည်းပြ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ကျန်စစ်သားလမ်း မာဃဝီသာစည်ကျောင်းတိုက် ပဓာနနာယက သက်တော် (၇၆)နှစ် သိက္ခာတော်(၅၆)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ (မာဃဝီ-သာစည်) မဟာထေရ်ဆရာတော်ကြီးသည် ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် ၁၇-၂-၂၀၁၂ (သောကြာနေ့) ည ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၀-၂-၂၀၁၂ (အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မာဃဝီသာစည်ကျောင်းတိုက်၌ အန္တိမစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်လောင်းလှူပွဲ ယာဉ်လမ်းကြောင်း ခေတ္တပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည့် အကြိုနေ့ဖြစ်သော ဖေဖော်ဝါရီ ၂၄ ရက် ည ၁၂ နာရီမှ ၂၅ ရက် နံနက် ၁၀ နာရီအထိ ရွှေတိဂုံစေတီတော် မြောက်ဘက်တွင် ဦးဝိစာရလမ်းနှင့် ရွှေဂုံတိုင်လမ်း၊ အာဇာနည်လမ်း၊ အရှေ့ဘက်တွင် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အထိ၊ တောင်ဘက်တွင် ဦးထောင်ဘိုအဝိုင်းမှ ဦးထောင်ဘိုလမ်းအတိုင်း ဦးဝိစာရအဝိုင်းအထိ၊ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်မှ ရွှေတိဂုံစေတီလမ်းအတိုင်း ဇီဝကလမ်းအထိနှင့် အနောက်ဘက်တွင် ဦးဝိစာရအဝိုင်းမှ ဦးဝိစာရလမ်းအတိုင်း ရွှေဂုံတိုင်လမ်းအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး Dr. Thomas Gamke နှင့် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

Dr. Thomas Gamke ဦးဆောင်သည့် ဂျာမနီလွှတ်တော် အာဆီယံဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခွဲတွင် နေပြည်တော် တောင်ပေါ် အပန်းဖြေစခန်းသာဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ ဂျာမနီလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးကိုကိုထွန်း၊ ဒေါ်နန်းဝါနု၊ ဒေါ်ခင်စောဝေ၊ ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ *ကျောဖုံးမှ*

ချယ်လ်ဆီးတို့ချေပဂိုးရရှိရေး ကြိုးစားရာ ပွဲချိန် ၂၃ မိနစ်၌ ဘာမင်ဂမ်ဂိုးရှေ့ယာအတွင်း ရာမီးရက်စ်ဘောလုံးဆွဲယူလာသည်ကို ဘာမင်ဂမ်မှ အီလော့ ကစားပုံ ကြမ်းတမ်းခဲ့သဖြင့် ပယ်နယ်တီ အပေးခံခဲ့ရသည်။

ယင်းပယ်နယ်တီကို ချယ်လ်ဆီးမှ မာတာက ဘာမင်ဂမ်ဂိုးသမားဝဲဘက်ထောင့်ကန်သွင်းရာ ဘာမင်ဂမ်ဂိုးသမား ကိုလင်ဒွိုင်လီက ပုတ်ထုတ်ကာကွယ်ခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးရရှိရေး နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၆၂ မိနစ်ရောက်မှသာ စတာရစ်က ဂိုးသွင်းယူနိုင်ခဲ့၍ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

အနိုင်ရ

အခြားပွဲစဉ်တစ်ခုတွင် ဆန်းဒါးလန်းက အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုသီတင်းပတ် အမွေဇယားဇာတ်ကားသစ် ရုံဝင် အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ကားများ ပြန်လည်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယခုသီတင်းပတ် ဖေဖော်ဝါရီ ၁၇ ရက် (သောကြာနေ့)၌ ဝတ္ထုဇာတ်ညွှန်း အကြည်တော် ရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားသည့် **အမွေဇယား** ဇာတ်ကားသစ်ရုံဝင်လာသည်။

အဆိုပါဇာတ်ကားသည် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ နေထက်လင်း၊ မို့မို့မြင့်အောင်နှင့် သက်မွန်မြင့်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် အချစ်ဟာသဇာတ်မြူးကားဖြစ်သည်။ ပရိသတ်များအတွက် စိတ်အပန်းပြေမည့်အပြင် တင်ပြပုံအမြင်ဆန်းသစ်မှုပြကွက်များကြောင့် စိတ်ဝင်စားဖွယ် ဇာတ်ကားကောင်းအဖြစ် မြင်တွေ့ရမည် ဖြစ်သည်။ နေပြည်တော်ရုံတွင် ဒါရိုက်တာ Mars Marlind ရိုက်ကူးပြီး သရုပ်ဆောင် Kate Beckinsale နှင့် Michael Ealy တို့ ခေါင်းဆောင်ပါဝင်ထားသည့် UNDERWORLD: AWAKENING ဇာတ်ကားပြသလျက်ရှိသည်။ အက်ရှင်ဇာတ်ကားဖြစ်ပြီး သွေးစုပ်ဖုတ်ကောင်များကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ရာ ရုပ်ရှင်ဇာတ်ကားဆန်းဆန်းကြည့်ချင်သူများအတွက် အကြိုက်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ၂၀၁၀ ခုနှစ် အကယ်ဒမီဆုရ ဇာတ်ကားများကို ဂုဏ်ပြုတင်ဆက်မှုအဖြစ် ဖေဖော်ဝါရီ ၁၇ရက်မှ ၁၈ရက်အထိ **“အမေ့ကျေးဇူးဆပ်ဖူးချင်တယ်”**၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ရက်အထိ **“အငိုမျက်လုံး အပြုံးမျက်နှာ”** ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ **“ပင်လယ်ထက်ကနေဝန်းနီ”** ဇာတ်ကားများကို ပရိသတ်ကြီး အပြည့်အဝ ခံစားကြည့်ရှုနိုင်ရန် ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

“အမွေဇယား” ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မိခင်စိတ်ရှိသည့်ကြောင်မကြီးနှင့် ကြွက်ကလေး

တောင်ငူ ဖေဖော်ဝါရီ ၁၈

တောင်ငူမြို့ မြောက်ဘက် ရှစ်မိုင်အကွာ ကျွန်းကုန်းကျေးရွာ အရှေ့ဘက် ခုနစ်မိုင် ဒိုးအင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ ဦးသောင်းဖေအိမ်တွင် ပြောမယုံ ကြုံဖူးမှ ယုံစဖွယ်ဆိုသည့်အတိုင်း ဖေဖော်ဝါရီ ၁၆ ရက်က တွေ့လိုက်ရသည့် မြင်ကွင်းမှာ အံ့သြဖွယ်ကောင်းလှသည်။

ကြွက်ကလေး (အိမ်ကြွက်)သည် ကြောင်မကြီးနှင့် ကြောင်ကလေးများအပေါ်ကို ပြေးလိုက်တက်လိုက်နှင့် ဆော့ကစားနေသည်။ တစ်ခါတစ်ရံ ကြောင်မကြီး၏ ပါးစပ်ကို နမ်းရှုံ့ပြီး ကြောင်မကြီးကလည်း သူ့သားသမီးများနှင့်အတူ ကြွက်ကလေးကို ၎င်း၏ လျှာဖြင့် လျက်ပေးနေသည်။

“ကြောင်ကလေးတွေ နို့စို့နေရင် သူလည်း ဝင်စို့တာပဲ၊ တစ်ခါစို့ရင် နာရီဝက်လောက်ကြာတယ်၊ မဝမချင်း နို့မချွတ်ဘူး၊ ကြောင်မကြီးသွားရာနောက်မှာ တန်းလန်းကြီးလိုက်နေတော့တာပဲ”ဟု အိမ်ရှင်ဦးသောင်းဖေ က ရှင်းပြခဲ့သည်။ (၁၂၃)

ဖေဖော်ဝါရီ ၁၃ ရက်က တောင်ဥက္ကလာပမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုကြီး၊ (၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်း၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူး ဦးမြင့်သက်တို့ ရပ်ကွက်အတွင်း စစ်ဆေးအကြံပြုစဉ်။ (၀၂၃)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ ဗထူးကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ ဗထူး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ကလောမြို့အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၊ မြို့မိမြို့ဖ ဦးမြဝင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းခိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ကျုံးကုန်စည်ဒိုင် အုတ်မြစ်ချပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ကျုံးကုန်စည်ဒိုင် အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမောင်လေးတို့နှင့်အတူ သတ်မှတ်ထားသည့်နေရာ၌ မင်္ဂလာရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်မြစ်ချပေးသည်။

ယင်းနောက် ကုန်စည်ဒိုင် ရှင်းလင်းဆောင်၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ကျုံးကုန်စည်ဒိုင်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားကုမ္ပဏီများအုပ်စု စီမံကိန်းဒါရိုက်တာ ဦးအောင်နှင့် ကုန်စည်ဒိုင် အလုပ်အမှုဆောင်ကော်မတီဝင် ဦးဘရွှေတို့က ကုန်စည်ဒိုင်ဆောက်လုပ်မှုအစီအစဉ်၊ ကုန်စည်ဒိုင်နှင့် စပ်လျဉ်းသည်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာအုပ်စု အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း ဘီလူးချောင်း ချောင်းရေလွှဲပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ စက်ယန္တရားများဖြင့် ယာယီရေလွှဲတမံ ပိတ်ခြင်းနှင့် ရေလွှဲမြောင်းအတွင်းသို့ ချောင်းရေလွှဲသွင်းခြင်းပြုလုပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ပြည်နယ်ဝန်ကြီးများက ရေလွှဲမြောင်းရေစီးအတွင်းသို့ ရွှေဘောလုံးငွေဘောလုံးများကို လွှတ်မျှောပေးကြသည်။ ထို့နောက် ရေလှောင်တမံ တည်ဆောက်မည့်နေရာကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အောင်ပန်း-အင်းတိန်၊ အင်းတိန်-ခေါင်တိုင် လမ်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ စွမ်းအားသစ် အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးခိုင်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အထက်ဘီလူးချောင်း လျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့အား စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် အမှုဆောင်ဒါရိုက်တာ ဦးမြင့်အောင်တို့က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဒုတိယအသုတ် မိုးပွင့်အဆင့်(၂) စီမံချက်အရ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများနှင့် အိမ်ထောင်စုဝင်စာရင်း တိုးလျှော့ဆောင်ရွက်ပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က သရက်တော(တောင်)ရပ်ကွက်၌ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ဝ၄၂)**

လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေးအတွက် ထရန်စဖော်မာလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစ်မခခန်းမ၌ ကျင်းပရာ အလှူရှင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်းတို့က ထရန်စဖော်မာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျေးရွာလျှပ်စစ်မီးရရှိရေးကော်မတီ ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

ဆက်လက်၍ အလှူရှင်ဦးဝင်းမောင်က ညောင်ဝိုင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် မီးစက်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံပြီး ကွန်ကရစ်မီးတိုင်များအတွက် သီတဂူ ဒေါ်စန်းနွဲ့က ငွေကျပ် ၁၀၅၀၀၀၊ ဦးစံမြင့်-ဒေါ်ဒေါင်းတို့အား အမှူးထား၍ ဦးကျော်ငြိမ်း- ဒေါ်တင်တင်ဆွေတို့က ငွေကျပ် ၂၀၁၀၀၀ နှင့် ဦးအောင်သိန်း (ဒုတိယဝန်ကြီး၊ ငြိမ်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)က ငွေကျပ် ၂၀၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေယာဉ်လိုင်စင်သက်တမ်းတိုးမြှင့်ရေး ဒလ၌ ကွင်းဆင်းဆောင်ရွက်

ဒလ ဖေဖော်ဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် စက်တပ်ရေယာဉ်မှတ်ပုံတင် စစ်ဆေးထုတ်ပေးရေးအဖွဲ့မှ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရေယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်များလိုင်စင် (မှတ်ပုံတင်) သက်တမ်းတိုးမြှင့်ရန်အတွက် စက်မြေရပ်ကွက် စက်မြေကူးတို့ သ/မ ရေယာဉ်(စက်တပ်သမ္ဗန်)ဆိပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက တက်ရောက်လာကြသော ရေယာဉ်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ ရေယာဉ်မောင်းတို့အား ရေယာဉ်အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရေး လိုက်နာရန်စည်းကမ်းနှင့် သိကောင်းစရာများကို ပညာပေးဟောပြောပြီး စက်တပ်ရေယာဉ်များ လိုင်စင်သက်တမ်းတိုးမြှင့်ရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရီးသွားများ သက်ကယ်အင်္ကျီဝတ်ဆင်ခြင်း အလေ့အကျင့်များနှင့် စက်တပ်သမ္ဗန်များ ကိုယ်ထည်ကြံ့ခိုင်မှု၊ စက်များကောင်းမွန်မှု၊ ရေယာဉ်တွင် တပ်ဆင်ထားရှိရမည့်ပစ္စည်း ပြည့်စုံမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ဗိုလ်ရန်ပြေရပ်ကွက် ရေကန်ကူးတို့ဆိပ်နှင့် ကမာကသွယ်ကူးတို့ သ/မရေယာဉ်ဆိပ်၊ သမတကမ်းခြေ ကူးတို့ သ/မရေယာဉ်ဆိပ်နှင့် ဗိုလ်ရန်ပြေရပ်ကွက်၊ သံလျပ်ကူးတို့ဆိပ် (သဘော်ဆိပ်)တို့၌လည်း ရေယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **သန်းဌေး(ဒလ)**

မော်လမြိုင်ကျွန်းမြို့နယ်၌ အရန်ဆန်စပါးဝယ်ယူ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၈

နိုင်ငံတော် အရန်ဆန်စပါးဝယ်ယူရန် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်အရန်ဆန်စပါးဝယ်ယူရေးလုပ်ငန်းကော်မတီမှ ၂၅ မှတ်ဆန်အဆင့်မီ ဧည့်မထစပါးများကို တင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူရေးအတွက် စပါးအဝယ်ဒိုင် အမှတ်(၁)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မ(၈)ရပ်ကွက် တုံးလှဲ့ရပ် ဘာမထီ ဇာမဏီဆန်စက်၌ ကျင်းပသည်။

ယင်းအမှတ်(၁) စပါးအဝယ်ဒိုင် ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အရန်ဆန်ဝယ်ယူရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးနီ၊ ဒုတိယဥက္ကဋ္ဌ ဦးလှရွှေနှင့်ကော်မတီဝင်များ တက်ရောက်ကြပြီး ညနေ ၄ နာရီအထိ အမှတ်(၁) စပါးအဝယ်ဒိုင်မှ စပါးတင်း ၂၀၆၀ ဝယ်ယူရရှိခဲ့သည်။

အဆိုပါ နိုင်ငံတော်အရန်ဆန်စပါး ဝယ်ယူရန်အတွက် မော်လမြိုင်ကျွန်း မြို့နယ်တွင် ဖေဖော်ဝါရီ ၇ ရက်မှ စတင်ပြီး မြို့နယ်အတွင်း စပါးအဝယ်ဒိုင်ခုနစ်ဒိုင် တစ်ပြိုင်တည်း ဖွင့်လှစ်ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၆၅)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ ဗိုလ်မှူးငြိမ်းချမ်း(လေ)-ဒေါ်ခင်သန္တာလတ်၊ သမီးမခင်ဂျူလိုင်ငြိမ်းချမ်းမိသားစုက မိဘနှစ်ပါးဖြစ်သော ဦးကျော်ငြိမ်း-ဒေါ်တင်ရီ (ခရမ်း)တို့အား ရည်စူး၍ ဘိုးဘွားများအတွက် ထာဝရဆွမ်း ပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မိုင်းယောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

မိုင်းယောင်း ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် မြို့နယ်ပညာရေးမှူး(ကိုယ်စား)တပ်တွင်းအလကကျောင်းအုပ်ကြီး ဦးလူဇော်တို့က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပညာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်အောင် သင်ကြားပေးသော ဆရာ ဆရာမများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းကလည်းကောင်း၊ ကျောင်းတက်မှန်သော ဆရာ ဆရာမများနှင့် အတန်းအလိုက် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူတို့ကလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လိုင်စင်များ ဝါးခယ်မ၌ ဈေးပြိုင်စနစ်ဖြင့်ရောင်းချ

ဝါးခယ်မ ဖေဖော်ဝါရီ ၁၈

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်နိုင်က အရပ်ရပ်အခွင့်အရေး လိုင်စင်လေလံဆွဲဝယ်ခြင်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

လုပ်ငန်းလိုင်စင် ၅၉ မျိုးရှိသည့်အနက် လုပ်ငန်းလိုင်စင် ၄၀ ကို ရောင်းချခဲ့ရာ လျှောက်လွှာရှင် ၃၇ ဦးမှ စုစုပေါင်းငွေကျပ် ၁၈၆၄ သိန်း ငါးသောင်းငါးထောင် လေလံရောင်းချခဲ့ရကြောင်း သိရှိရသည်။ **(၁၃၉)**

ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၁) သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်က အမှာစကားပြောကြားပြီး ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ပထမဆုရ တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့အား ဆုများ ချီးမြှင့်ကြသည်။ ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးအသင်းဝင်အင်အား အဆိုပြုလွှာများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ငါးနှစ်အောက်ကလေးငယ်များအား အာဟာရကျွေးမွေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၃)**

အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက် လှိုင်သာယာ၌ ဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဆင်းရဲမှုလျှော့ချရေး စီစဉ်ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် လှိုင်သာယာမြို့နယ် ငွေသဇင်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေး အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက မြို့နယ်သမဝါယမ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဖွဲ့စည်းပေး

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းအဆင့်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် သမဝါယမဖွဲ့စည်းရေး ကော်မရှင်ဥက္ကဋ္ဌ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသိန်းဝင်းက ဥက္ကဋ္ဌ ဦးညိုဇင်၊ အုပ်ချုပ်မှုဒါရိုက်တာဦးစိန်ဝင်းနှင့် ဒါရိုက်တာငါးဦး၊ စာရင်းစစ်နှစ်ဦးတို့အား အသင်းသား ၅၀ ဖြင့် ရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၊ မတည်ရင်းနှီးငွေကျပ် ၁၀ သိန်းဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရှိရသည်။ **(၁၆၄)**

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကား ခေါင်းခန်းကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မီးသတ်ဦးစီးဌာန)

လူငယ်များ စာပေဖတ်ရှုလေ့လာမှု စိတ်ဝင်စားလာစေရန် ညှိနှိုင်းပေါင်းစပ် ကျေးရွာများ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ဝလေ့ဖြစ်ထွန်းလာအောင် စည်းရုံး စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများအပါအဝင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံရာတွင် ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ ပခုက္ကူခရိုင်၊ မြိုင်၊ ဆိပ်ဖြူ၊ ရေစကြို၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ချောက်မြို့နယ်များနှင့် ငါ့သရောက်မြို့နယ်ခွဲတို့မှ ဦးစီးမှူးများက ကျေးရွာစာကြည့်တိုက်များ ထူထောင်ထားရှိမှု၊ နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ခရိုင်နှင့်မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို မိမိမြို့၏ စာဖတ်ဌာနကြီးတစ်ခုဖြစ်လာစေရန်နှင့် လူငယ်များ စာပေဖတ်ရှုလေ့လာမှုကို ပိုမိုစိတ်ဝင်စားလာစေရန်အတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကြိုးစားဆောင်ရွက်ကြရန်၊ ထူထောင်ပေးထားသည့် ကျေးရွာစာကြည့်တိုက်များအားလုံး စံ(၅) ရပ်နှင့် ညီညွတ်အောင် ကြိုးပမ်းဆောင်ရွက်ပေးပြီး ကျေးရွာများတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သည့်ဓလေ့ ဖြစ်ထွန်းလာအောင် စည်းရုံးဆောင်ရွက်သွားကြရန်၊ ကျောင်းသားကျောင်းသူများအတွက် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးခြင်းအပါအဝင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၊ ရေရှည်တည်တံ့မည့် ထာဝရငြိမ်းချမ်းမှု ရရှိရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ပြန်ကြားဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတို့ဒေသအလိုက် ထိရောက်သည့် နိုင်ငံတော်၏ သတင်းဖြန့်ချိရေးဌာနကြီးတစ်ခုအဖြစ် ဖြစ်တည်လာစေရေးအတွက် ဖော်ဆောင်သွားကြရန် မှာကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုနှင့် နံရံကပ်စာစောင်များ ရေးဆွဲပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

အစိုးရအဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရန်ကြိုးပမ်းလျက်ရှိ တိုင်းရင်းသားမိသားစုများ ဇာတိဒေသများသို့ ပြန်လည်နေထိုင်ရာတွင် မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်နေ

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဗန်းမော်မြို့နယ်များအတွင်းမှ မြစ်ကြီးနားမြို့သို့ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာရောက်ကြသည့် တိုင်းရင်းသား မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာသူများ တည်းခိုနေထိုင်သည့် စီတာပူရပ်ကွက်ရှိ ဆွတ်ဝိုင်တောင်ဘုရားကျောင်း၊ တပ်ကုန်းရပ်ကွက်ရှိ တပ်ကုန်းနှစ်ခြင်းခရစ်ယာန်အသင်း၊ ဂျန်မိုင်ကောင်ရပ်ကွက်ရှိ သံပေါလုဘုရားကျောင်းနှင့် ဂျန်မိုင်ကောင် (နှစ်ခြင်း)ကျောင်း၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဝန်းသိုဘုန်းတော်ကြီးကျောင်း၊ လယ်ကုန်းရပ်ကွက်ရှိ ဇီးအုန်နှစ်ခြင်း ဘုရားကျောင်းနှင့် လယ်ကုန်းမလိယန်ဘုရားကျောင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းသို့ လှည့်လည်ကြည့်ရှုစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဒေသတိုင်းရင်းသားများအနေဖြင့် ဇာတိရပ်ရွာများသို့ ဆန္ဒအရ ပြန်လည်သွားရောက်ပါက ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကေအိုင်အိုအဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ထာဝရတည်ငြိမ်အေးချမ်းမှု ရရှိလာတော့မည် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲပြီး တဖြည်းဖြည်းနှင့် တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်ကြောင်း၊ နှစ်ဖက်အပြည့်အဝ အပစ်အခတ် ရပ်စဲမှုရရှိလာချိန်တွင် တိုင်းရင်းသားမိသားစုများသည် ဇာတိဒေသများသို့ ပြန်လည်နေထိုင်ရာတွင် မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားမိသားစုများ၏ အခြေခံလိုအပ်ချက်များကို စနစ်တကျပံ့ပိုး ကူညီဆောင်ရွက်ပေးနေမှုများ တွေ့ရကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးရရှိလာ၍ ဇာတိရပ်ရွာများတွင် ပြန်လည်နေထိုင်ကြမည့် တိုင်းရင်းသားမိသားစုများ၏ စားဝတ်နေထိုင်ရေးကို မူလထက်သာလွန်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားမိသားစုများက စိတ်ခါတ်ကြံ့ခိုင်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နယ်မြေဒေသအခက်အခဲများကြောင့် ရောက်ရှိလာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာထူးချွန်စွာ တတ်မြောက်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားကြပြီး တိုင်းရင်းသားမိသားစုများက ဇာတိရပ်ရွာဒေသများ၌ ပြန်လည်နေထိုင်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဗန်းမော်မြို့နယ်များအတွင်းမှ မြစ်ကြီးနားမြို့သို့ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာရောက်ကြသည့် တိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတကြီးမှ လက်ဆောင်ပေးအပ်သည့် SKYNET DTH နှင့် ရုပ်သံပြစက်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၃၈၃၈၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၉၄၉၄၁၀၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းငွေကျပ် ၁၀၀၅၀၀၀၀၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ် (WFP) မှ တစ်လစာ ရိက္ခာများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်းအမှတ် (၁)နှင့် (၂)တို့အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က ကော့ကရိတ်မြို့နယ် ကညင်ကတိုက်ကျေးရွာတွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးခြင်း လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီသန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ပေးကြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း **စာအုပ်စင်ကလျာ** ၁၈-၂-၂၀၁၂

ရွှေတိဂုံစေတီတော်ကြီး နှစ် (၂၆၀၀)ပြည့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စာအုပ်ထုတ်ဝေ

စာရေးဆရာ စကြာကောင်းစံ ရေးသားသော ရွှေတိဂုံစေတီတော်ကြီး နှစ် (၂၆၀၀) ပြည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မဟာပထမ နဝင်းဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးအကြောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ အမြင့်ပေ ၁၀၀ ကျော်အထက် ကျားတက်ကာဖူးထူးတဲ့ဖြစ်ရပ်၊ အံ့ဖွယ်ထူးမြတ်ဆွမ်းကပ်ပွဲအကြောင်း၊ ဆံတော်တိုက်အတွင်းသို့ ဝင်ရောက်ခဲ့ဖူးသူ၏ ကိုယ်တွေ့မှတ်တမ်းများ၊ ဆံတော်တိုက်အတွင်းသို့ ဆင်းသက် ဝင်ရောက်ခဲ့သူ ဆရာတော်ကြီး၏ ကိုယ်တွေ့မှတ်တမ်းများ၊ လောကီလောကုတ်နှစ်ဖြာ အကျိုးအတွက် ဘုရားဖူးမြော်နည်းများ၊ သက်တမ်းရာကျော် ထန်းပင်ကြီးသုံးပင်နှင့် ဆုတောင်းပြည့်ဘုရားလေး ထူးထူးခြားခြား ဆန်းဆန်း ပြားပြား သမိုင်းမှတ်တမ်း ဓာတ်ပုံများနှင့်အတူ မဇ္ဈိမစာပေ၊ အမှတ်(၂၃၇) ပထမထပ်၊ ၃၉လမ်း ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုး ၈၀၀ ကျပ်ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ရှင်မဟာဗုဒ္ဓဃောသရှာပုံတော် စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ဦးလှသောင်းက "ရှင်မဟာဗုဒ္ဓဃောသ ရှာပုံတော်နှင့် အခြားဆောင်းပါးများ"စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် အေဒီ ၄ ရာစုနှစ်က ပိဋကတ်တော်ကျမ်းဂန်များ သထုံသို့ပင့်ဆောင်လာခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသ မထေရ်အကြောင်း သမိုင်းနောက်ခံများကို အထောက်အထားပြု၍ ရေးသားထားသည်။ ထို့ပြင် စာအုပ်တွင် သထုံမြို့၌ ထင်ရှားသော ရွှေစာရံဘုရား၊ သိကြားဘုရား၊ ကလျာဏီသိမ်တော်ကြီး၊ ဖောင်တော်ဦးဘုရား သမိုင်းတို့ကိုလည်း ဖော်ပြထားသည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသော အဆိုပါစာအုပ်ကို မိုးကျော်သူစာပေ ဖုန်း-၃၈၄၂၁၉ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရှိရသည်။

လက်တစ်ကမ်းမှ ဆေးစွမ်းကောင်းများစာအုပ်ထုတ်ဝေ

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ ရောဂါအထွေထွေနှင့်လက်တစ်ကမ်းမှ ဆေးစွမ်းကောင်းများ စာအုပ်ကို စတုတ္ထအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အမြတ်ဆုံးကျန်းမာရေးလာဘ်ကို လူသားတိုင်းလိုချင်တပ်မက်ခုံမင်ကြသည်။ မိမိနှင့် မိမိမိသားစုတို့တွင် အထွေထွေရောဂါများ ဖြစ်ပွားပေါ်ပေါက်ခဲ့လျှင် အချိန်ကုန် ငွေကုန် လူပန်းမဖြစ်စေဘဲ မိမိတို့၏ လက်တစ်ကမ်းတွင် ရှိနှင့်နေသော ဆေးဝါးများဖြင့် လွယ်လင့်တကူ ယူငင်၍ ကာကွယ်ကုသနိုင်ကြပြီး ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ကြကာ အသက်ရှည်ရာ အနာကင်းလျက် လူ့ဘဝ၏ သက်တမ်းစေ့နေထိုင်နိုင်ကြစေဖို့ ဟူသောရည်ရွယ်ချက်ဖြင့် စာရေးသူတွေ့ရှိသိမြင် သုတေသနပြုထားသော ကိုယ်တွေ့ဆေးနည်းကောင်းများကို စုစည်းတင်ပြထားသည်။ စာအုပ်တန်ဖိုး ၁၂၀၀ကျပ်ဖြင့် ရန်အောင်စာပေ အထက(၁)ရန်ကင်းကျောင်းရှေ့ ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၄၃၈၅၁ နှင့် ၀၉-၇၃၂၂၃၄၂၁ က ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

Photoshop Special Effects စာအုပ် ထုတ်ဝေဖြန့်ချိ

လှပသောအရောင်များ၊ ဒီဇိုင်းများ၊ Background များနှင့် ပေါင်းစပ်ဖန်တီးမှုများကို ရေးသားထားသည့် ဆရာ ဦးအောင်ဇော်ဇော်၏ Photoshop Special Effects စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Adobe Photoshop ၏ အသုံးဝင်သော Special Effects များအကြောင်းကို မြူးကြွလှုပ်ရှားသော အရောင်များ ဖန်တီးခြင်း၊ အနီးအဝေး ဖန်တီးခြင်း၊ တိမ်လွှာများ ဖန်တီးခြင်း၊ ပေါင်းစပ်ဖန်တီးခြင်း၊ အလင်းအမှောင်၊ Colour Burn Effect, Background တစ်ခု ဖန်တီးခြင်းစသည်ဖြင့် အခန်းများခွဲ၍ တင်ပြထားသည်။ Photoshop အသုံးပြုသူများအတွက် အသုံးဝင်သော စာအုပ်တစ်အုပ်ဖြစ်ပြီး မနောဖြူစာပေမှ တန်ဖိုး ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ သစ်လက်ထက် လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ချက် တည်ဆောက်ဆဲ ဧရာဝတီမြစ်ကူးတံတား(ရတနာသိဃ်)

ရတနာသိဃ်တံတားအချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည်မှာ ပေ ၂၄၈၀ ရှိသည်။

၂။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိမည် ဖြစ်သည်။

၃။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ် တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

၄။ တံတားအောက်ထည်မှာ ၁ ဒသမ ၅ မီတာအချင်းရှိ သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိ သံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း ဖြစ်သည်။

- ဧရာဝတီတံတား(ရတနာသိဃ်)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တို့ကို ဆက်သွယ် ပေးမည့် ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။
- တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က ၂၀၁၀ ခုနှစ် ဧပြီ ၁၆ ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။
- တံတားကြီးတည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်၊ ရှမ်းပြည်နယ် မိုးမိတ်၊ မဘိမ်း၊ ကချင်ပြည်နယ် စီအူ၊ မံသာနှင့် မံစီတို့သို့ ဆက်သွယ်သွားလာ နိုင်မည်ဖြစ်သည်။
- ထို့အတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက် မြောင်း-ရွှေဘိုလမ်းမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ ရွှေဘို- ခင်ဦး-ရေဦး- ကလေးဝလမ်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး- ကလေးဝ-ကလေးလမ်းနှင့် သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ထမံသီ-ခန္တီးလမ်းတို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။
- ဤတံတားကြီးကြောင့် ရေခြားမြေခြားဖြစ်နေသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ ဝင်ထွက်သွားလာမှုများပြားလာပြီး တစ်ဦး နှင့်တစ်ဦး ချစ်ခင်ရင်းနှီးလာမည်ဖြစ်သည်။ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

သတင်းမှတ်စု – မောင်ငြိမ်းအေး



19-2 (09).pmd 1 2/19/2012, 4:34 AM

ပုဏ္ဏားကျွန်းမြို့နယ် ကျန်းမာရေး၊ ပညာရေးလုပ်ငန်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ပြည်နယ်အထူးကုဆရာဝန်ကြီးများ၏ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှု၊ ဆေးဝါးကုသနေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူကြသည့် ဒေသခံပြည်သူ ၁၃၀၀ ကျော်တို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်အားပေးပြီး ပုဏ္ဏားကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများအားတွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာနှုန်းမြင့်မားပြီး ထူးချွန်ကျောင်းသားများပေါ်ထွန်းရေး၊ ပညာရည်မြင့်မားရေးအတွက် ဆရာ၊ ကျောင်းသား၊ မိဘပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တက်ရောက်

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နုနုဖုံနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုတို့သည် မွန်းလွဲပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပသည့် သက်ကြီးဘိုးဘွားပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ကင်းချောင်းတံတားတိုးတက်ပြုပြင်ခြင်းလုပ်ငန်းခွင်၌ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များအတွင်း၌ စိုက်ပျိုးလျက်ရှိရာ အောင်မြင်လျက်ရှိပြီး ရည်မှန်းအထွက်နှုန်း ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် ဝန်ထမ်းများအား ဖေဖော်ဝါရီ ၈ ရက်က ဒုတိယတိုင်းဒေသကြီး မန်နေဂျာဦးသိန်းလွင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် မန်နေဂျာဦးကျော်ကျော်တို့က ရှင်းလင်းမှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(စိုက်ပျိုးရေး)**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက်တွင် ရင်သွေးငယ်များ၏ မော်ဒယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီက အဆိုပါရပ်ကွက် ဇမ္ဗူဒိပ်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစိန်မောင်ဌေးက ပြိုင်ပွဲများကျင်းပရခြင်းကို ပြောကြားသည်။ ထို့နောက် ရပ်မိရပ်ဖ ဦးကိုကိုအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရင်သွေးငယ်များ၏ မော်ဒယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပပြီးနောက် ဆုရရှိသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစိန်မောင်ဌေး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် အလက(၃) သဃ်န်းကျွန်း ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရေကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTET International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 နှင့် M-11 တို့တွင် 3D Marine Seismic Acquisition Surveyတိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. HAI YANG SHI YOU 719 ဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုဆိုးရွားခြင်းနှင့် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မှုများကြောင့် တိုင်းတာရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရပြီး မူလကြေညာသတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးနိုင်ခြင်းမရှိသည့်အပြင် တိုင်းတာရေးလုပ်ငန်းပမာဏ တိုးချဲ့ဆောင်ရွက်ခြင်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် လုပ်ကွက်အမှတ် M-11 ၏ တည်နေရာ ဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၄၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၄၉ ဒသမ ၃၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၄ မိနစ် ၅၆ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၅၁ ဒသမ ၄၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၄ မိနစ် ၅၀ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀ မိနစ် ၃၃ ဒသမ ၇၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၃၈ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀ မိနစ် ၂၈ ဒသမ ၆၆ စက္ကန့် အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. HAI YANG SHI YOU 719 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက် ပညာရွှေတောင် စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် စာကြည့်တိုက်ကော်မတီနာယက ဦးအောင်မြင့် (သခွပ်-တွံတေး)နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

သန်လျင်မြို့ ကျိုက်အင်းအခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းတွင် ပထမဆုရရှိသူ မောင်သော်ထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၉)

နမ့်ခမ်းမြို့နယ်အတွင်း မိုင်းပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် နမ့်ခမ်းမြို့နယ် ရွှေလီကြိုးတံတား၏အနောက်ဘက် ၁မိုင်ခန့်အကွာ ဟန်ကမ်းကျေးရွာနှင့် မန့်မြိုင်ကျေးရွာအကြား နမ့်ခမ်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားများ၏ ရပ်ထားသော လုပ်ငန်းသုံးယာဉ်အောက် မြေကြီးအတွင်းမှ ဝိုင်ယာကြိုးစတစ်ချောင်း တွေ့ရှိရပြီး ၎င်းတို့ထွက်ခွာ၍ ကိုက် ၁၀၀ ခန့်အရောက်တွင် အဆိုပါ ဝိုင်ယာကြိုးတွေ့ခဲ့သည့် နေရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော် လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းထိခိုက်ဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ နမ့်ခမ်းမြို့နယ် မန့်မြိုင်ကျေးရွာဘုန်းကြီးကျောင်းအဝင် ပေ ၁၀၀ ခန့်အကွာ လမ်းဘေးမြေအတွင်းမှ ဆိုင်ကယ်ဘက်ထရီအိုးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား အနက်ရောင်ပလတ်စတစ်ဖြင့်ထုပ်လျက် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်။

ပထမဖြစ်စဉ်မှ မိုင်းပေါက်ကွဲရာနေရာတွင် အကျယ် နှစ်ပေပတ်လည်ခန့် မြေကျင်းတစ်ခုနှင့် အနီးရှိသစ်ပင်များမိုင်းစထိမှန်ထားပြီး ဆိုင်ကယ်ဘက်ထရီအိုးပျက် တစ်လုံး၊ ပလတ်စတစ်စများ၊ တစ်မတ်လုံးသံချောင်းအရှည် ငါးလက်မခန့် သံတိုသံစများနှင့် ဆိုင်ကယ်ဘောစေ့များအား တွေ့ရှိသိမ်းဆည်းခဲ့ရသဖြင့် အဆိုပါဖြစ်စဉ်နှစ်ခုမှ မိုင်းများမှာ အမျိုးအစားတူညီကြောင်း သိရှိရသည်။

သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူအများသေကျေထိခိုက်ဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် သံတိုသံစများ၊ ဘောစေ့များပါ အသုံးပြု၍ လက်လုပ်မိုင်းများ လုပ်ဆောင်လာကြောင်း စိစစ်တွေ့ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်ရာ ပစ္စည်းများ၊ အခြေအနေများတွေ့ရှိရပါက တာဝန်ရှိသူများထံ အမြန်ဆုံးသတင်းပေးပို့သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြောင်းမြမြို့၌ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မျိုးဆက်သစ်အားကစားသမားများ နယ်မြေဆင်းရှာဖွေဖော်ထုတ်ရေးအစီအစဉ်အရ အားကစားဝန်ကြီးဌာနကကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ငါးခရိုင်အမျိုးသား၊အမျိုးသမီးမီနီမာရသွန်(ကီလိုမီတာ ၂၀)အပြေးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို မြို့မအားကစားကွင်း၌ ကျင်းပရာ အမျိုးသားမီနီမာရသွန် အပြေးပြိုင်ပွဲ၌ ပထမဆုရ မျိုးထက်ကျော်(ပဲခူး)၊ ဒုတိယဆုရ ရဲမင်းအောင်(မြောင်းမြ)၊ တတိယဆုရ ကျော်ငွေသန်း(ပဲခူး)၊ စတုတ္ထဆုရ မျိုးမြင့်ဦး(မြောင်းမြ)၊ ပဉ္စမဆုရ နန်းမင်းအောင်(ပဲခူး)၊ ဆဋ္ဌမဆုရ မျိုးမြတ်(လပွတ္တာ)နှင့် သတ္တမမှ ဒသမအတွင်းဆုရရှိသူများအား နှစ်သိမ့်ဆုများကို အားကစားဝန်ကြီးဌာန ဒုတိယရုံးအဖွဲ့မှူးညွှန်ကြားရေးမှူး ဦးကျော်ဦးကလည်းကောင်း၊ **(ယာပုံ)** အမျိုးသမီးမီနီမာရသွန် အပြေးပြိုင်ပွဲ၌ ပထမဆုရ နှင်းယုစိုး(ပဲခူး)၊ ဒုတိယဆုရ လှိုင်းထက်မြတ်ထွန်း(ဖျာပုံ)၊ တတိယဆုရ ရူပါထွန်း(ဖျာပုံ)၊ စတုတ္ထဆုရ သဲသဲခိုင်(ပဲခူး)၊ ပဉ္စမဆုရ မေမြတ်မွန်သိန်း(မြောင်းမြ)၊ ဆဋ္ဌမဆုရ တင်တင်အောင် (ပဲခူး)နှင့် သတ္တမမှ ဒသမအတွင်း ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အဆိုပါ ပြိုင်ပွဲသို့ အမျိုးသား ၁၈၄ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၆၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်း၊ ပဉ္စမဆုနှင့်ဆဋ္ဌမဆုအား ငွေကျပ် ငါးသောင်းစီနှင့် သတ္တမမှ ဒသမအတွင်း ဆုရရှိသူများအတွက် နှစ်သိမ့်ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့မအားကစားကွင်း၌ မြောင်းမြမြို့ ငါးခရိုင် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀နှင့် သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများတွင် အမျိုးသား

၁၅၄ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၅၇ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)မှ အလားအလာရှိသော အားကစားသမားများ၊ Champion Challenge Cup ပြိုင်ပွဲမှ အားကစားသမားများကို စိစစ်ရွေးချယ်၍ အလားအလာရှိသော အားကစားသမားများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်မှုအစီအစဉ်မှ အားကစားသမားများကို စိစစ်ရွေးချယ်ပြီး ၎င်းတို့အနက်မှ ထူးချွန်ထက်မြက်သော ပဏာမနိုင်ငံ့လက်ရွေးစင်များဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အိမ်ရှင်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား ပထမအကြိမ် ဖူဆယ်အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကို မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မဏ္ဍိုင်အားကစားကွင်း၌ ကျင်းပရာ ပထမဆုရ မြရတနာ(၁၀)လမ်းအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး ဆုဖလားနှင့်ငွေသား ပေးအပ်ချီးမြှင့်စဉ်။ (၁၅၀)

စဥ့်ကိုင်မြို့နယ်၌ ဘောလုံးပြိုင်ပွဲကျင်းပ

စဥ့်ကိုင် ဖေဖော်ဝါရီ ၁၈

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကိုင်မြို့နယ် ပထမအကြိမ် ရပ်/ကျေး မိသားစုဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲတွင် မြို့ပေါ်ခြောက်ရပ်ကွက်မှအသင်းခြောက်သင်းနှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ အသင်းရှစ်သင်း စုစုပေါင်း ၁၄ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် သစ်ခေါက်ကျေးရွာအုပ်စုအသင်းက ရန်နိုင်ရပ်ကွက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဒုတိယရရှိသော ရန်နိုင်ရပ်ကွက်အသင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီကလည်းကောင်း၊ ပထမရရှိသော သစ်ခေါက်ကျေးရွာအုပ်စုအသင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်သောင်းကလည်းကောင်း ဆုဖလားနှင့် ဆုကြေးငွေများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၆၀)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ် နိုင်ငံတကာအဆင့်မီပညာရေးအဆင့်အတန်း ဖြစ်လာစေရေး အလေးထားဆောင်ရွက်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၉) သင်တန်းဆင်းပွဲကျင်းပ

အမှာစကား ပြောကြား

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၉ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်ကြောင်း၊ ပညာရေးတွင်လည်း အခြေခံပညာကဏ္ဍသည် ပိုပြီး အဓိကကျကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီမြင့်မား တိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍမှ ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်ကြရန် မှာကြားလိုကြောင်း၊ ပညာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း ဖြစ်လာစေရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများကိုယ်တိုင် အရည်အသွေးမြင့်နေစေရန် ကြိုးပမ်းအားထုတ်ရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်က ကြီးမှူးကျင်းပသည့် တစ်ခုတည်းသော နိုင်ငံတော်အဆင့်စာမေးပွဲ (National Examination) ဖြစ်ရာ တက္ကသိုလ်ဝင် စာမေးပွဲ ကျင်းပပေးရခြင်းနှင့်ပတ်သက်သည့်

စာမျက်နှာ ၅ ကော်လံ ၁ ■




မြန်မာ့အလင်း သတင်းအညွှန်း

လူလိုက်ပါသည့် တရုတ်အာကာသယာဉ် မကြာမီလွှတ်တင်မည် စာ - ၄

တိုး၏ ဖောက်ကလန်ကျွန်း အနာဂတ်အရေး စာ - ၅

တည်ဆောက်ဆဲ ရောဝတီမြစ်ကူးတံတား (ရတနာသိင်္ခ) စာ-၉

အမျိုးသမီးသီးသန့်ယာဉ်များ စမ်းသပ်ပြေးဆွဲပြီ

သတင်းနှင့်ဓာတ်ပုံ ➤ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူ အမျိုးသမီးများအတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ အမျိုးသမီးများသီးသန့် အထူးယာဉ်လိုင်း ငါးလိုင်းကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင် စမ်းသပ်ပြေးဆွဲခဲ့ကြောင်း တွေ့ရသည်။

ပါရမီ ၁၇၆/၁၇၇ (အထူး) ယာဉ်လိုင်း၊ အဓိပတိ အနီ၊ အဝါ၊ အပြာ အထူးယာဉ်လိုင်းများမှ တစ်လိုင်းလျှင် နှစ်စီးနှုန်းဖြင့် ပေါင်း ၁၀စီး ပြေးဆွဲပေးခဲ့သည်။

ပါရမီ ၁၇၇(အထူး)ယာဉ်လိုင်း ဆူးလေဂိတ်မှ ဂိတ်မှူး ဦးတင်မောင်ထွန်းက " ကျွန်တော်တို့လိုင်းအနေနဲ့ နှစ်စီးပြေးဆွဲပေးနေရပါတယ်။ နံနက် ၇ နာရီမှ ၁၀ နာရီအတွင်းနဲ့ ညနေ ၄ နာရီမှ ည ၁၀ နာရီအတွင်း အဓိက ကတော့ ရုံးတက်ရုံးဆင်းအချိန်တွေမှာပါ" ဟုမြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောပြသည်။

ယင်းကားများတွင် ခရီးသည်များကို သိသာမြင်သာနိုင်ရန်အတွက် **"အမျိုးသမီးများ သီးသန့်ယာဉ်"** ဟု ကား၏ ရှေ့နောက်လေကာမှန်များတွင် လည်းကောင်း၊ ကား၏ ဘေးတစ်ဖက်တစ်ချက် တို့တွင်လည်းကောင်း စတေကာဖောက်စာလုံးကြီးများဖြင့် ထင်းနေအောင် ကပ်ထားသည်ကို တွေ့ရသည်။

အမျိုးသမီးအယောက် ၅၀ သာ သီးသန့်စီးရန် စီစဉ်ထားသည့် ၁၇၇ ပါရမီယာဉ်လိုင်းကားတစ်စီးကို တွေ့ရစဉ်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်(စပယ်ယာ)မှာ အမျိုးသားများဖြစ်သော်လည်း အမျိုးသမီး စေတနာ့ဝန်ထမ်း တစ်ဦးစီ ပါရှိသည်ဟု ဆိုသည်။

ဝင်ငွေနှင့်ပတ်သက်၍ " စံချိန်တော့ အပြည့်မရသေးပါဘူး။ ဒါကလည်း မသိကြသေးလို့ပါ။ နောက်တဖြည်းဖြည်းချင်းသိလာကြမှာပါ။

စာမျက်နှာ ၃ ကော်လံ ၃ ●

အက်ဖ်အေဖလား ပဉ္စမအဆင့် ဘောလုံးပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်ယှဉ်ပြိုင် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ သရေပွဲဖြစ်

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၁၈

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၈ ရက် ညက ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်၌ ကစားရသော ချယ်လ်ဆီးသည် တိုက်စစ်တွင် မာတာ၊ တောရက်စ်၊ ရာမီးရက်စ်တို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာခဲ့သည်။ အာဖရိကဖလားပွဲပြီး၍ ပြန်ရောက်လာသော ကာလူးနှင့် ဒရော့ဘာတို့ကို အရန်အဖြစ်ထားခဲ့ပြီး နောက်ပိုင်းမှသာ ပါဝင်ကစားစေခဲ့သည်။

အဒမ်ရိုးနေ၊ ဂျော်ဒန်မက်၊ ဂိုမစ်တို့ တိုက်စစ်ဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သော ဘာမင်ဂမ်တို့က ပထမပိုင်း ပွဲချိန် ၂၁ မိနစ်၌ မူရာဖီက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၅ ✳

နိုင်ငံတကာအနုပညာ

မိုးမြင့်လင်းလက် ရေးသားသည်

၂၀၁၁ ခုနှစ်အတွက် ဟောလိဝုဒ်တွင် ဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသား၊ မင်းသမီးများ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၈

ဟောလိဝုဒ်ရုပ်ရှင်လောကတွင် ၂၀၁၁ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသား၊ မင်းသမီးများရဲ့ အမည်စာရင်းကို အင်ဆိုင်ကလိုပီဒီးရား ဝက်ဘ်ဆိုက်၌ ဖေဖော်ဝါရီ ၁၈ ရက်က သတင်းထုတ်ပြန်လိုက်ရာ ရုပ်ရှင်မင်းသား လီယိုနာဒိုမှာ ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေပါတယ်။

ရုပ်ရှင်မင်းသား လီယိုနာဒို

ရုပ်ရှင်မင်းသမီး မီလီဆိုင်းရပ်စ်

ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်း

ရုံတင်ပြသ

အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသား လီယိုနာဒိုဟာ ၂၀၁၁ ခုနှစ်အတွင်းမှာ အနုပညာလုပ်ငန်းတွေကနေပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၇၇ သန်း ရရှိခဲ့ပါတယ်။ အဲဒီဝင်ငွေဟာ ရုပ်ရှင်သရုပ်ဆောင်ခ၊ ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ စီးပွားရေးကြော်ငြာတွေကရရှိတဲ့ အခကြေးငွေတွေဖြစ်ပါတယ်။ Appian Way Productions အမည်ရှိတဲ့ ကုမ္ပဏီဟာ လီယိုနာဒိုရဲ့ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံ မင်ဟက်တန်မြို့ ဟက်ဆန်မြစ်ဘေးမှာရှိတဲ့ စီးပွားရေးနဲ့အပန်းဖြေစခန်းဟာလည်း ရုပ်ရှင်မင်းသားလီယိုနာဒိုပိုင်ဆိုင်တာမို့ ချမ်းသာကြွယ်ဝတဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ လီယိုနာဒိုဟာ ယခုလက်ရှိမှာ The Great Gatsby ရုပ်ရှင်ကားနဲ့ Django Unchained ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်နေပြီး ၂၀၁၂ ခုနှစ်ကုန်မှာ ရုံတင်ပြသမှာဖြစ်ပါတယ်။

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးတွေထဲမှာတော့ ၂၀၁၁ ခုနှစ်အတွင်းမှာ ဝင်ငွေအကောင်းဆုံးက မီလီဆိုင်းရပ်စ်ဖြစ်ပါတယ်။ အသက် ၂၀ သာရှိပေမယ့်

စာမျက်နှာ ၅ ကော်လံ ၃ ❖